ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့။ Friday, 31 May 2019 ၉၆၆၆

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်

နယူးဒေလီ မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာ ရမ်နက်သ် ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီတို့ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြု စိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေး စာမျက်နှာ » ၄

တစ်တိုင်းပြည်လုံး လိုလားနေသည့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်ရန် ကြိုးပမ်းလျက်ရှိ စာမျက်နှာ » ၅

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# ကြေးမုံ

## နိုင်ငံ့စီးပွား လယ်ယာကဏ္ဍကိုအားထား

မြန်မာနိုင်ငံတွင် ယခုအခါ လယ်ယာကဏ္ဍပို့ကုန် တိုးတက်မြင့်မားလာသဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိလာသည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသော နိုင်ငံဖြစ်သည်နှင့်အညီ ယခုကဲ့သို့ စိုက်ပျိုးရာသီရောက်လာသည့်အခါတွင် ပြည်ပပို့ကုန် တိုးတက်ရေး၊ အဆင့်အတန်းမီရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် ဆန်နှင့်ပဲမျိုးစုံ လယ်ယာထွက်ကုန်များမှာ နိုင်ငံခြားငွေ အများဆုံး ရှာဖွေပေးနေသည်ဖြစ်၍ နိုင်ငံတော်လည်းအကျိုးရှိ၊ တောင်သူလယ်သမားများလည်း စီးပွားဖြစ်ထွန်းအောင်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်သည်။ တောင်သူလယ်သမားများမှာ ကုန်ထုတ်လုပ်သူများဖြစ်၍ အရည်အသွေးမီထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်အောင် ဝိုင်းဝန်းကူညီပေးပြီး ဈေးကွက်ကောင်းမွန်ရေးနှင့် ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်ရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက မြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန် ဆန်တင်ပို့မှုတွင် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိရာ နှစ်စဉ် ဆန်တန်ချိန် ၁ ဒသမ ၅ သန်း တင်ပို့ပြီး ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်း တင်ပို့ရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ဆန်ဈေးကွက် ဝေစုရရှိရေးနှင့် ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သဘောတူလက်မှတ်ရေးထိုးရေးကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အာဖရိကနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

နိုင်ငံတကာသို့ဆန်တင်ပို့ရာတွင် အရည်အသွေးမီပြီး ဘေးအန္တရာယ်ကင်းစင်ရေးမှာ အရေးကြီးသဖြင့် ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံမှအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာသေးမီက အိုင်ဗရီကို့စ်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် စားသုံးရန်မသင့်၍ဖျက်ဆီးခဲ့သည့်ဖြစ်ရပ်မျိုးမဖြစ်ပွားအောင် အလေးထားဆောင်ရွက်နေသည်။ သို့မှသာ ပြည်ပသို့ဆန်တင်ပို့မှု စနစ်တကျဖြစ်ပြီး ပြည်ပသို့တင်ပို့သည့် မြန်မာ့ဆန်ဈေးကွက် ထိခိုက်မှုမရှိဘဲ တိုးတက်လာမည်ဖြစ်သည်။

မြန်မာ့လယ်ယာထွက်ကုန်များတွင် နိုင်ငံခြားငွေအများဆုံးရှာဖွေပေးသော ပဲမျိုးစုံဈေးကွက်မှာလည်း ပြန်လည်ဦးမော့လာသည်။ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူပြီး ပြီးခဲ့သည့်နှစ်က ယင်းနိုင်ငံ၏မူဝါဒအရ ပဲမျိုးစုံဈေးကွက်ရပ်တန့်ပြီး ပဲစိုက်တောင်သူများ အထိနာခဲ့ရသည်။ ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပဲတင်သွင်းခွင့် ခွဲတမ်းများပြန်လည်ရရှိလာသည်။ ပြီးခဲ့သည့်လက အိန္ဒိယနိုင်ငံအစိုးရက ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်း၊ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်း၊ ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ ပဲလုံးတန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းခွင့်ပြုခဲ့သည်။

ထိုကဲ့သို့ အလားအလာကောင်းများ ရရှိလာသောကြောင့် လက်ရှိအချိန်တွင် ပြည်တွင်း မတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ကိုးသိန်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၁၀ သိန်းခန့်ဖြစ်ပေါ်နေပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ထိုက်သင့်သောအကျိုးအမြတ်များရရှိနေပြီဖြစ်ရာ အရည်အသွေးပြည့်မီသော ဆန်စပါးစိုက်ပျိုးရေးနှင့် ပဲမျိုးစုံစိုက်ပျိုးရေးကို အလေးထားစိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် နိုင်ငံခြားငွေရရှိရေးနှင့် တောင်သူလယ်သမားများ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အလားအလာကောင်းများ ပေါ်ထွန်းလာပြီဖြစ်၍ မြန်မာနိုင်ငံ၏အဓိကပို့ကုန်ဖြစ်သည့် လယ်ယာထွက်ကုန် ဆန်စပါးနှင့် ပဲမျိုးစုံတို့ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ အစဉ်အမြဲထိတွေ့လက်တွဲလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တောင်အာဖရိကသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၃၁**

၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် တောင်အာဖရိကသမ္မတနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသော မစ္စတာ မာတာမီလာဆီရာယ်(လ်) ရန်(မ်) မဖိုစာ ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှလည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့သည်။ **သတင်းစဉ်**

## ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

**နေပြည်တော် မေ ၃၁**

၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဩစတြေးလျနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော The Honourable Mr. Scott Morrison ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဒုတိယအကြိမ်ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ၎င်း၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံသို့ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၀**

ရန်ကုန်(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၇၀၀၀ - ၁၀၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၁၀ ကျပ်၊ | ၁၀၁၅/၁၀၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၈၅ ကျပ်၊ | ၁၀၃၀/၁၀၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၅ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၂၀ ကျပ်၊ | ၁၀၃၀/၁၀၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၅/၉၄၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၅.၂ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၉.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၂.၂၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၂၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၆၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၉.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၈၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၃.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၅၃၂

✪ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (ကောင်စစ်ရေးရာ) H.E. Shri Sanjiv Arora၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာဆော်ရက်(ဘ်)ကူးမား၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ရှိ Palam လေတပ်စခန်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Hotel ITC Maurya သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်သို့ရောက်ရှိပြီး မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ အမျိုးသားပြတိုက်သို့ရောက်ရှိကြပြီး အိန္ဒိယနိုင်ငံ၏ ခေတ်အဆက်ဆက် သမိုင်းယဉ်ကျေးမှု၊ အနုပညာနှင့် အသုံးအဆောင်ပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။



**အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား ကျင်းပစဉ်။**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နယူးဒေလီမြို့ အမျိုးသားပြတိုက်ရှိ အိန္ဒိယနိုင်ငံ၏ ခေတ်အဆက်ဆက် သမိုင်းယဉ်ကျေးမှု၊ အနုပညာနှင့် အသုံးအဆောင်ပစ္စည်းပြခန်းကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နယူးဒေလီမြို့ရှိ India Gate သို့ သွားရောက်လေ့လာပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့သည် နယူးဒေလီမြို့ သမ္မတအိမ်တော် (Rashtrapati Bhavan)၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲသို့ သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာ မိုင်သရီပါလ ဆီရီစီနာ၊ ကာဂျစ်စတန်နိုင်ငံသမ္မတ မစ္စတာဆော်ရွန်ဘေးဂျန်ဘီကိုဗ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ မစ္စတာမိုဟာမက် အဗ္ဗဒူလ် ဟာမစ်၊ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာကေပီရှာမာအိုလီ၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် ဒေါက်တာလိုတေးရှားရင်း၊ မော်ရစ်ရှနိုင်ငံဝန်ကြီးချုပ် မစ္စတာပရာဗင့်ကူးမားဂျက်နော့၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး မစ္စတာဂရီဆာဒါ ဘွန်းရေ့စ်တို့လည်းတက်ရောက်ကြသည်။

**နှုတ်ဆက်စကားပြော**

ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနရန်ဒရာမိုဒီနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ဆက်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ညစာစားပွဲ တက်ရောက်**

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ၎င်း၏အစိုးရအဖွဲ့ဝင်ဝန်ကြီးများလည်း တစ်ပါတည်းကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာ ရမ်နက်သ်ကိုဗင့်ဒ်ကတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နယူးဒေလီမြို့ရှိ India Gate သို့ သွားရောက်လေ့လာစဉ်။**



# အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေး



ဒုတိယဝန်ကြီး ဦးကျော်မျိုး



ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း



ဒုတိယဝန်ကြီး ဦးလှကျော်



သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး

**နေပြည်တော် မေ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ရွှေကူမြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ခုံခမ်း၊ ကျွန်းတော်တို့ ကူးတို့ဆိပ်၊ အမှတ်(၁)ရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက် စသောနေရာများတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများ နှစ်စဉ်ပြိုကျလျက်ရှိရာ မြစ်ထိန်းကျောက်စီနံရံ ရေကာတာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရွှေကူမြို့နယ်တွင် ဧရာဝတီမြစ်ကမ်းနှင့် နီးကပ်နေသော ရွှေကူမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၁၂၆၈ ဒသမ ၅၃ သန်းဖြင့် ကျောက်စီမြေထိန်းတမံ စုစုပေါင်း အလျား ၄၀၄၇ ပေ တည်ဆောက်ပေးခဲ့ပါကြောင်း။

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေ ငွေကျပ် သန်း ၂၇၀ ဖြင့် ကျောက်စီရေထိန်းတမံ အလျားပေ ၁၀၀၀ တည်ဆောက်ပေးလျက်ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ ၂၀၁၉ ခုနှစ် ဇွန်တတိယပတ်အတွင်း လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးရန် လျာထားပါကြောင်း၊ ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ရွှေကူမြို့နယ် ခုံခမ်း-ကျွန်းတော်ဆိပ်နေရာတွင် မြစ်ကမ်းထိန်းကျောက်စီမြေထိန်းတမံ အလျားပေ ၁၀၀၀ တည်ဆောက်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေ ငွေကျပ် သန်း ၃၀၀ ကို သဘောတူထားပြီး ကချင်ပြည်နယ် လွှတ်တော်၏ အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်တင်ပြထားရှိပါကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်း တပ်ဆင်သွယ်တန်းထားကြသော ဆက်သွယ်ရေးကြိုးလိုင်းများ၊ အင်တာနက်ကွန်ရက် ဖိုက်ဘာလိုင်းများသည် တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ အဆိုပါ ကြိုးလိုင်းများအား ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ မည်သည့်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်ကို သိရှိလိုခြင်းနှင့် နိုင်ငံပိုင် ဓာတ်အားတိုင်များတွင် သွယ်တန်းထားမှုကြောင့် လျှပ်စစ်နှင့် အခြားအန္တရာယ် ကင်းရှင်းရန် မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသော ဆက်သွယ်ရေးအခြေခံအဆောက်အဦ များဖြစ်သည့် တာဝါတိုင်များနှင့် ဖိုက်ဘာကွန်ရက်များ တည်ဆောက်ခြင်း အစရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုထားသော သက်ဆိုင်ရာ လိုင်စင်ရကုမ္ပဏီများက ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူရပါကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှလည်း လုပ်ငန်းဆောင်ရွက်မည့်ဒေသရှိ သက်ဆိုင်ရာမြေနှင့် အဆောက်အဦအသုံးပြုခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ရယူထားခြင်း ရှိ၊ မရှိ၊ ဆက်သွယ်ရေးဥပဒေပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ လိုင်စင်ပါ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ အစရှိသည်တို့ကို စိစစ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ပြီး ဆက်သွယ်ရေးဖိုင်ဘာကေဘယ်ကြိုးများကို ဖြုတ်သိမ်းရွှေ့ပြောင်းရန် လိုအပ်လာသည့်အခါ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပိုင်ရှင်ဖြစ်သည့် သက်ဆိုင်ရာလိုင်စင်ရကုမ္ပဏီများထံသို့လည်းကောင်း၊ သက်ဆိုင်ရာမြေနှင့် အဆောက်အဦ စီမံခန့်ခွဲပိုင်ခွင့်ရှိသူထံသို့လည်းကောင်း ညှိနှိုင်းအကြောင်းကြားပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးအချို့တွင် ယိုင်နဲ့နေသော ဆက်သွယ်ရေးတိုင်များနှင့် ရှုပ်ထွေးစွာ တပ်ဆင်ထားသော ဆက်သွယ်ရေးကြိုးများကြောင့် မြို့၏အလှအပကို ထိခိုက်စေလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဇွန်လမှစတင်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၀ နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့တွင် စိုက်ထူထားသော ဆက်သွယ်ရေးတိုင်များနှင့် သွယ်တန်းထားသော ဆက်သွယ်ရေးကေဘယ်ကြိုးများကို ထုတ်ပြန်ထားသာ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ သွယ်တန်းတပ်ဆင်တည်ဆောက်ထားရှိမှု ရှိ၊ မရှိကို မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန် ပြင်ပကျွမ်းကျင်သူအဖွဲ့ ငှားရမ်းဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများကို လျော့ကျနေသော ကေဘယ်များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ပြန်လည်ပြင်ဆင်စေခြင်း၊ ကြံ့ခိုင်မှု မရှိသော ဆက်သွယ်ရေးတိုင်များကို အသစ်လဲလှယ်စေခြင်း၊ ယိုင်နဲ့နေသော တိုင်များကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်စေခြင်း၊ ရှုပ်ထွေးနေသော တယ်လီဖုန်းကြိုးများကို ပြန်လည်ရှင်းလင်းစေခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်စေခြင်းဖြင့် ရန်ကုန်မြို့တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်သွယ်ရေးကေဘယ် ရှုပ်ထွေးနေမှုများ လျော့ကျသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်တွင် စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံဖြစ်သော လိမ္မော်ပင်နှင့် အခြားနှစ်ရှည်ပင်များအား ပိုးမွှားများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ရန် အသိပညာပေးလုပ်ငန်းနှင့် နည်းပညာကျွမ်းကျင်သူများစေလွှတ်၍ သုတေသနလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့်၏ **ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာအုပ်စုတွင် ပြန်ပေးပြီး မြေကွက်ခြောက်ကွက်အား မြေပိုင်ဆိုင်မှုပုံစံ (၇) ရရှိအောင်ဆောင်ရွက်ပေးရန် နှောင့်နှေးကြန့်ကြာမှုဖြစ်နေသော အဆိုပါ မြေခြောက်ကွက်ကိစ္စအား လုပ်ငန်းအဆင်ပြေစေရန်နှင့် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းလုပ်ငန်း (School Milk Program) ပိုမိုထိရောက်အောင်မြင်၍ ရာနှုန်းပြည့်ဖော်ဆောင်သွားနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်သို့ဆက်လက်ကူညီပံ့ပိုးပေးမည်နှင့် ယင်းလုပ်ငန်းစဉ်အတွက် သီးသန့်ရန်ပုံငွေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ်ရှိ ရန်ကုန်-ပြည်လမ်းနှင့် ကျွန်းကလေး-မော်အင်းလမ်းဆုံရာ (ကျွန်းကလေး အရှေ့ဘက် လမ်းတာဆုံ) တွင် စံကိုက်မီးပွိုင့်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **သံတွဲမြို့နယ် ငပလီမြို့ အမှတ်(၅)ရပ်ကွက် ဂျီတွော(လုံးသာ)ရပ်ကွက်အတွင်းရှိ အများပြည်သူ အသုံးပြုနေသော ဆိပ်ခံတံတား (Jetty) မှာ ပျက်စီးယိုယွင်းနေပါသဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မီ (Jetty)** တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးထွန်းထွန်းက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း( ၂၀၁၉ ) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ကို ပြင်ဆင်ချက်မရှိ အတည်ပြုရန်အတွက် လွှတ်တော်ကသဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသန နှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် ပိုမိုအားပေးဆောင်ရွက်ပါရန် တိုက်တွန်းကြောင်းအဆို တင်သွင်း

ဆက်လက်၍ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက **လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသန နှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ပိုမိုအားပေးဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် လယ်ယာသားငါးကဏ္ဍထုတ်ကုန်များ ပိုမိုထုတ်လုပ်ဆောင်ရွက်နိုင်ရန်၊ အထွက်နှုန်း၊ အရည်အသွေးများ မြင့်မားလာစေရန်၊ နိုင်ငံခြားတင်ပို့နိုင်သော လယ်ယာသားငါးထွက်ကုန် အများအပြား ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးရှိသော စိုက်ပျိုးရေးပစ္စည်းများသုံးစွဲ၍ အရည်အသွေးမြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်စေရန်နှင့် ထုတ်လုပ်မှုနှင့်ပတ်သက်သော အခြေခံအချက်အလက်များ သိရှိလိုက်နာဖြေရှင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးပိုမိုရရှိစေရန်တို့အတွက် ရည်ရွယ်၍ တင်သွင်းရခြင်း ဖြစ်ပါကြောင်း။

တောင်သူလယ်သမားအများစုတွင် မည်သည့်ပိုးကျ၍ မည်သို့ကာကွယ်ရမည်ကို သိရှိသုံးစွဲမှု အားနည်းလာသဖြင့် အသိပညာ၊ နည်းပညာရပ်များကို သင်တန်းပေးဆောင်ရွက်သင့်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် နည်းပညာပေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေကြသော်လည်း ဝန်ထမ်းအင်အား အားနည်းမှုကြောင့်လည်းကောင်း၊ ဘတ်ဂျက်ခွဲဝေမှု နည်းပါးခြင်းကြောင့်လည်းကောင်း လက်တွေ့ဆောင်ရွက်နေမှုများကို ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ တောင်သူလယ်သမားများသည် လိုအပ်ခြင်း၊ မလိုအပ်ခြင်းတို့ သိရှိခြင်းမရှိဘဲ ပိုးသတ်ဆေးများဖျန်းကြသောကြောင့် ဓာတ်ကြွင်းအာနိသင် များပြားသဖြင့် နိုင်ငံခြားမှ Reject လုပ်ခံရသည်အထိ ဖြစ်လာသဖြင့် လယ်ယာသားငါးကဏ္ဍထုတ်လုပ်မှု အသိပညာ၊ နည်းပညာများ စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း။

နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် ဈေးကွက်ဝင် သီးနှံအမျိုးအစားအသစ်များ သုတေသနစမ်းသပ်ဖော်ထုတ်ခြင်းကို အားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံခြား Export တင်ပို့နိုင်ရန် ဈေးကွက်ဝင်သီးနှံများ ဒေသအလိုက် သုတေသနများစမ်းသပ်၍ သင့်လျော်သော Export သီးနှံများကို Mass Production အဖြစ် ပိုမိုထုတ်လုပ်နိုင်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် လယ်ယာသားငါးကဏ္ဍ စနစ်တကျ လက်တွေ့ကျမှုမူဝါဒ၊ လုပ်ငန်းစဉ်နည်းစနစ်များရေးဆွဲ၍ တိုးမြှင့်ရန် ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းသည့် **နိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်စေရန် တောင်သူဗဟိုပြုစိုက်ပျိုးရေးနှင့် အသားငါးထုတ်လုပ်ရေးကဏ္ဍကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် တူးပြီးသည့် ငါးကန်များကို သင့်တင့်သည့် ဒဏ်ကြေးပေးဆောင်ပြီး တရားဝင်မြေအသုံးချခွင့် မြေနေရာဆောင်ရွက်ပေးသင့်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ပြောင်းလဲရေးအတွက် အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သည့် ငါးမွေးမြူရေးလုပ်ငန်းကို ရေရှည်အမြော်အမြင်ဖြင့် ပေါ်လစီချမှတ် အကောင်အထည်ဖော်သင့်ပါကြောင်း၊ စံချိန်စံညွှန်းနှင့် အခြေခံအဆောက်အဦများဖြစ်သည့် ဓာတ်ခွဲခန်း၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ကို ဖော်ဆောင်၍ ဈေးကွက်သစ်များ ရှာဖွေချိတ်ဆက်ပေးရန် လိုအပ်ပါကြောင်း၊ မိရိုးဖလာ စိုက်ပျိုးမွေးမြူရေးမှ ဈေးကွက်ဝယ်လိုအားလိုအပ်မှုအတိုင်း ထုတ်လုပ်မှုကို ပြောင်းလဲမြှင့်တင်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

စာမျက်နှာ ၅ သို့ ☆

# တစ်တိုင်းပြည်လုံး လိုလားနေသည့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်ရန် ကြိုးပမ်းလျက်ရှိ

**နေပြည်တော် မေ ၃၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် **ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကို စိစစ်၍ သတင်းထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု ပြုလုပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လွှတ်တော်ကိုယ်စားလှယ်မေးထားသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တစ်ခုကိုထူထောင်ရန်မှာ ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်၊ ပစ္စည်းကိရိယာစသည့် အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီးမှသာ ဆောင်ရွက်နိုင်သည့် ကိစ္စဖြစ်သည့်အပြင် လတ်တလောတွင် စနစ်တစ်ခုမှာ မဖြစ်နိုင်သေးပါကြောင်း၊ အခြေအနေ အချိန်အခါပေးပါက ဆောင်ရွက်နိုင်ရန် ဦးစားပေးအနေဖြင့် စဉ်းစားပေးမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွဋ်



နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်

## တစ်တိုင်းပြည်လုံးလိုလားနေသည့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်ရန် ကြိုးစားနေ၊ ဆေးရုံသို့လာရောက်ကုသမှု ခံယူသည့် မသန်စွမ်းလူနာများကို ဦးစားပေး ကုသမှုပေးနေ

မသန်စွမ်းသူကိစ္စများနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် များစွာ ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် တစ်တိုင်းပြည်လုံး လိုလားနေသည့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်ရန်လည်း ကြိုးစားနေပါကြောင်း၊ ပြည်သူ့ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နှစ်စဉ်ရသည့် ဘတ်ဂျက်အပေါ်မူတည်၍ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပြည်သူများအား အခမဲ့ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံသို့လာရောက်ကုသမှုခံယူသည့် မသန်စွမ်းလူနာများကို ဦးစားပေး ကုသမှုပေးနေပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးတချို့တို့သည် ထိန်းချုပ်ဆေးဝါးများစာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန်အလွန်ခက်ခဲပြီး ဝေဒနာရှင်များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲစီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်အတိုင်း ဖြေလျှော့ပေးသွားမည် ဖြစ်ပါကြောင်း၊ ဝေဒနာရှင်များ ဆေးရရှိရန်နှင့် မသမာမှု မဖြစ်စေရန်အတွက် မကြာမီတွင် ဆေးဝါးအကြံပေးကော်မတီဝင်များ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ၊ စိတ်ရောဂါကုပညာရှင်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးကုသမှုပါရဂူများနှင့် တိုင်ပင်၍ အထူးထိန်းချုပ်ဆေးဝါးများကို ပုဂ္ဂလိကအထူးကုဆေးရုံကြီးများအပြင် အထူးကု ဆေးခန်းများတွင်လည်း ရောင်းချခွင့်ရနိုင်ရန် လုပ်ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မြို့ပြနှင့် မြို့ကြီးများမှ အလှမ်းကွာဝေးသော ဒေသများတွင် နေထိုင်သောလူနာများအတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျန်းမာရေး ဦးစီးမှူး၊ ကုသရေးဦးစီးမှူး၏ ထောက်ခံချက်ဖြင့် ရောင်းချပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၏ **ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ထိန်စွန်းစားကျက်မြေတွင် စိုက်ပျိုး အသက်မွေးနေကြသော အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေ ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ကြရာ ခွင့်မပြုဟု အကြောင်းကြားလာသဖြင့် နှစ်များစွာစိုက်ပျိုးနေထိုင်ပြီးဖြစ်သော ပြည်သူလူထု ထိခိုက် နစ်နာမှုမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဆိုပါ လျှောက်ထားသူများသည် စားကျက်မြေပေါ်တွင် နှစ်ပေါင်း၄၀ ကျော်ခန့် နေထိုင်ခဲ့ပြီး နှစ်စဉ် ရာသီသီးနှံများနှင့် ကင်ပွန်းပင်၊ ဆူးပုတ်ပင်များ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်ကို စိစစ်တွေ့ရှိပြီး ဒေသခံပြည်သူများအတွက် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်ရောင်းချနိုင်၍ ကာယကံရှင်များအတွက် စားဝတ်နေရေး အထောက်အကူပြုလျက်ရှိသော်လည်း နှစ်ပေါင်းများစွာ ကြာရှည်ပြီး အခိုင်အမာဖြစ်နေမှုကြောင့် တရားဥပဒေအရ အရေးယူမည်ဆိုပါက အခက်အခဲများရှိနိုင်ခြင်း၊ စားကျက်မြေကျူးကျော်မှုများမှာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ဖြစ်ပေါ် နေခြင်းတို့ကြောင့် စားကျက်မြေစီမံခန့်ခွဲမှု ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ မူဝါဒရရှိပါက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားသည်။

## ပလက်ဝမြို့နယ်တွင် အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသေးစား(SME)လုပ်ငန်းစုများ ပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုကလည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် အပ်စကျေးရွာအုပ်စု ဟုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၏ **မကွေးတိုင်းဒေသကြီး ငွေးပင်တိုက်နယ် ငွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ထန်းဇင်ကျေးရွာအုပ်စု ထန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ငါဖိုင်ပီးကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ ရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာရွာကြီးအား မြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက **နိုင်ငံခြားတက္ကသိုလ် သို့မဟုတ် ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကိုစိစစ်၍ သတင်းထုတ်ပြန်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာတွင် မိမိတို့နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်သည့် ပညာရေးအဆင့်အတန်းမြင့်မားနေရန် လိုအပ်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ ပညာရေးခေတ်နောက်ကျမှုနှင့် ဥပဒေကြီးကြပ်မှုအားနည်းသည့် အခြေအနေကို အခွင့်ကောင်းယူပြီး အရည်အသွေးစစ်မှန်မှု မသေချာဘဲ မြန်မာ့ပညာရေးလောကထဲသို့ နိုင်ငံခြားတက္ကသိုလ်အဖွဲ့အစည်းအမည်များကို အသုံးပြု၍ ကြော်ငြာအားကောင်းကောင်းဖြင့် သင်တန်းကျောင်းမျိုးစုံ ဖွင့်လှစ်သင်ကြားပို့ချပေးနေသည်ကို တွေ့ရပါကြောင်း။

အဆိုပါ ကျောင်းများသည် စီးပွားရေးတွက်ခြေကိုက်မှုကိုသာ အဓိကထားပြီး အတုအယောင် သို့မဟုတ် အရည်အသွေးမမီသည့် သင်ခန်းစာများ သင်ကြားပို့ချနေမည်ဆိုပါက ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ ဆုံးရှုံးနစ်နာရုံသာမက မြန်မာ့ပညာရေး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင် ပညာရေးအဆင့်အတန်းမြှင့်တင်ရန်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ပညာရေးအရည်အသွေးစိစစ်ကြပ်မတ်သည့် အဖွဲ့အစည်းများ ထားရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သော်လည်း ပုဂ္ဂလိက ပညာရေးလုပ်ငန်းများကို စိစစ်အကဲဖြတ်သည့် လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို မတွေ့ရပါကြောင်း။

ထို့ကြောင့် အစိုးရတက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကပညာရေးကိုလည်း အဆင့်မြှင့်ရန် လိုအပ်ပါကြောင်း၊ စိစစ်ကြပ်မတ်အကဲဖြတ်သည့် လုပ်ငန်းစဉ်မရှိဘဲ ပညာရေးအဆင့်အတန်း မြင့်မားလာရန်မဖြစ်နိုင်ပါကြောင်း၊ စစ်မှန်သည့် ပညာရေးကို ကျောင်းသား၊ လူငယ်များရရှိစေရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အဆိုကို တင်သွင်းရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လှုမော်(သတင်းစဉ်)**

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ကျောက်တံခါး မဲဆန္ဒနယ်မှ ဦးခင်မောင်ဦး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေ၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း၊ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်းနှင့် ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ အသားကဏ္ဍ၊ ငါးကဏ္ဍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အသွေး ကောင်းမွန်သည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သည့် တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်တို့ကို ကျင့်သုံး၍ နိုင်ငံတကာဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အရည်အသွေးပြည့်မီသည့် ထွက်ကုန်များ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် သုတေသနနှင့် တိုးချဲ့ပညာပေးရေး၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ဖြန့်ဖြူးပေးရေး၊ လယ်ယာလုပ်ငန်းခွင် စက်ကိရိယာများ တိုးမြှင့်သုံးစွဲနိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူလယ်သမားများ အရင်းအနှီးနှင့် ချေးငွေထောက်ပံ့ငွေများ တိုးတက်ရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် ရေရရှိရေး၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးစသည့် တောင်သူဗဟိုပြု ဖွံ့ဖြိုးမှု နှစ်တို နှစ်ရှည်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် တောင်သူဗဟိုပြုဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူဖြစ်စေသည့်အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင် စောင့်ကြည့်ရန်အတွက် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အတွေးသစ်၊ အရေးသစ်နဲ့ ထောင်စုနှစ်လူငယ်များ

**Z - ဖေဝင်း**

မေလ ၁၉ ရက်နေ့က မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အတွေးသစ်၊ အရေးသစ်များ ဖန်တီးနေကြတဲ့ လူငယ်စာရေးဆရာအချို့နဲ့ စကားဝိုင်းဖွဲ့ခဲ့ကြပါတယ်။ လူငယ်ဆိုတာ အများအားဖြင့် အသက် ၃၈ နှစ် ပတ်ဝန်းကျင်ကို ရည်ညွှန်းထားတာပါ။ ဒီစကားဝိုင်းမှာ ပြန်ကြားရေးဝန်ကြီးကိုယ်တိုင် ပါဝင်ခဲ့တာကြောင့် ပြောစရာ၊ ဆိုစရာ အတော်များများကို ရင်းရင်းနှီးနှီး မြိုင်မြိုင်ဆိုင်ဆိုင် ပြောဖြစ်ခဲ့ကြတာ တွေ့ရပါတယ်။ တကယ်တမ်း အတွေးသစ်၊ အရေးသစ်တွေကို ဖန်တီးနေကြတဲ့ လူငယ်အတော်များများရှိပေမယ့် ဒီစကားဝိုင်းမှာ တချို့ပဲ ပါဝင်နိုင်ခဲ့ကြပါတယ်။ စကားဝိုင်းပုံစံအရ အဖြေထုတ်တာမဟုတ်ပေမယ့် အတော်လေးတော့ အမြင်ဖလှယ်မှုတွေ လုပ်နိုင်ခဲ့ကြတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ သိကြတဲ့အတိုင်း မျိုးဆက်ကွာဟမှု၊ မျိုးဆက်ပြတ်မှုတွေ အတော်များနေပါတယ်။ ဒါက စာပေနယ်တစ်ခုတည်းမဟုတ်ဘဲ နယ်ပယ်အသီးသီးမှာ ဖြစ်နေတာပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသဖြင့် နယ်ပယ်စုံမှာ ဖြစ်နေတာပါ။ မျိုးဆက်ဆိုတာက ရှေ့က လူကြီးများ လုပ်ဆောင်သွားတဲ့ကိစ္စတွေကို အမွေဆက်ခံပြီး ရှေ့တစ်ဆင့်တက်အောင် လွယ်လင့်တကူ သွားနိုင်တာမျိုးကို ဆိုလိုတာပါ။ အခုတော့ အမွေဆက်ခံနိုင်မှုက ကောင်းကောင်းမွန်မွန်မရှိခဲ့တော့ ရှေ့ဆက်မယ့်လမ်းကြောင်းမှန်ပေါ်မှာ ဘယ်လိုဆက်သွားမယ်ဆိုတာကို ခိုင်ခိုင်မာမာ လုပ်နိုင်မယ့်သူတွေ ရှားပါးလာတာဖြစ်ပါတယ်။ ဒါ့ကြောင့် ဆက်လက်လုပ်ကိုင်ရမယ့်ကိစ္စတွေမှာ စမ်းတဝါးဝါးသွားရတာ၊ ဆုံးဖြတ်ချက်ရဲရဲမချနိုင်တာ အလွန်ကြီးရင့်နေပြီဖြစ်တဲ့ သက်ကြီးဝါကြီးတွေအထိ အကူအညီတွေ လှမ်းပြီးယူနေရတာပါ။

နဝတခေတ်လွန်ကစလို့ ကြုံရတာက နိုင်ငံရေးမျိုးဆက်ပြဿနာပါ။ လွတ်လပ်ရေးခေတ်လောက်ကတည်းကပါလာတဲ့ သက်ကြီးဝါကြီးများအပြင် မဆလခေတ်တစ်လျှောက်လုံးမှာ လမ်းစဉ်ပါတီက မွေးတဲ့သူတွေကလွဲလို့ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်တဲ့ နိုင်ငံရေးသမားဆိုတာ မရှိခဲ့ပါဘူး။ ဆိုရှယ်လစ်စီးပွားရေးကို တစ်လျှောက်လုံး ကျင့်သုံးလာတဲ့နိုင်ငံမှာ ဈေးကွက်စီးပွားရေးနဲ့ပတ်သက်လို့ နားလည်တတ်ကျွမ်းသူ မရှိခဲ့ပါဘူး။ ၁၉၆၂ မတိုင်ခင်က စီးပွားရေးလုပ်ငန်းရှင်များလည်း လုပ်နိုင်ကိုင်နိုင်အရွယ်တွေ မဟုတ်တော့တဲ့အတွက် ရှိတဲ့အခြေအနေကနေပဲ စခဲ့ကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။ ၁၉၈၈ အရေးအခင်းပြီးလို့ အခုအနှစ် ၃၀ လောက်ရှိလာချိန်မှာတော့ နိုင်ငံရေး၊ စီးပွားရေး အဆင့်တစ်ခုကို ရောက်လာပြီလို့ ဆိုရမှာပါ။

ဒါပေမယ့် လူငယ်နဲ့ လူကြီးတွေကြား ကွာဟမှုကတော့ ရှိနေဆဲပါပဲ။ လက်ရှိ အသက် ၆၀ နဲ့ ၇၀ ပတ်ဝန်းကျင်တွေကို ကမ္ဘာမှာတော့ Baby Boomers တွေလို့ ခေါ်ပါတယ်။ အဓိကအားဖြင့်တော့ သူတို့ဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ မွေးဖွားကြသူတွေပါ။ သူတို့ဟာ စစ်အေးခေတ်ကိုလည်း ဖြတ်သန်းခဲ့ကြပါတယ်။ သူတို့ရဲ့ နိုင်ငံရေးအမြင်တွေမှာ Us and Them; Friends and Foes ဆိုတာတွေ များပါတယ်။ ငါ့လူမဟုတ်ရင် သူ့လူ၊ ဒီဘက်က မဟုတ်ရင် ဟိုဘက်က၊ မိတ်ဆွေ မဟုတ်ရင် ရန်သူဆိုတာမျိုး စဉ်းစားမှုတွေ များကြတာဖြစ်တယ်။ ဒါ့ကြောင့် သူတို့ရဲ့စဉ်းစားမှုတွေမှာ bias (တိမ်းညွတ်မှု) တွေ များတတ်တယ်လို့ဆိုတာပါ။ စစ်အေးကာလစိတ်ဓာတ် (Cold War mantality) လို့ ဆိုကြပါတယ်။ စစ်အေးကာလမှာ ကမ္ဘာကြီးက နှစ်ခြမ်းဖြစ်ခဲ့တာက အခြေခံလာတဲ့ အတွေးအခေါ်တွေလို့ ဆိုပါတယ်။

ဒါပေမယ့် ၁၉၇၉၊ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွေမှာတော့ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးတွေနဲ့အတူ လွတ်လပ်တဲ့ ဈေးကွက်၊ လွတ်လပ်တဲ့တွေးခေါ်မှုတွေ ပြန့်ပွားလာပြီး သိပ္ပံနည်းပညာတွေ ဖွံ့ဖြိုးလာပါတယ်။ နောက်ပိုင်း ကုန်သွယ်ရေး ပွင့်လင်းမှုတွေကတစ်ဆင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကို ရောက်လာတာပါပဲ။ ၁၉၈၉၊ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း စစ်အေးခေတ် ကုန်ဆုံးသွားတာနဲ့အတူ ကမ္ဘာကြီးဟာ Unipolar ဆိုတဲ့ အင်အားကြီးတစ်နိုင်ငံထဲမှာရှိတဲ့ခေတ်ကို ရောက်လာပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ တရုတ်နဲ့ ရုရှားတို့ပါ ကမ္ဘာ့ဇာတ်ခုံမှာ နေရာအသီးသီး ပြန်ရလာတဲ့အတွက် ကမ္ဘာမပြားတော့သော Multipolar ပုံစံကို ရောက်လာတယ်လို့ သုံးသပ်ကြတာဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်မှာ တရုတ်ဟာ WTO ဝင်ခွင့်ရပါတယ်။ ဒီနောက်မှာ တရုတ်စီးပွားရေး အရှိန်တိုးတက်လာပါတယ်။ အခု အမေရိကန်နဲ့ ကုန်သွယ်ရေးစစ်ပွဲ ဖြစ်လာရတဲ့အထိပါပဲ။

ဒီအချိန်မှာ Millennial ဆိုတဲ့ ထောင်စုနှစ် လူငယ်များအကြောင်း စပြောလာကြတာပါ။ ထောင်စုနှစ် လူငယ်များဆိုတာက ဒုတိယကမ္ဘာစစ်အပြီး မွေးဖွားလာကြတဲ့ Baby Boomer များနဲ့ ကွာခြားပါတယ်။ သူတို့ဟာ အဆင့်မြင့်နည်းပညာတွေနဲ့ဖက်ပြီး ကြီးပြင်းလာတာပါ။ သူတို့ဟာ အပြန်အလှန်ဆက်သွယ်မှု အလွန်ကောင်းတဲ့ခေတ်ကြီးမှာ ကြီးပြင်းလာတယ်။ အပြန်အလှန် မျှဝေမှုတွေလည်း ယခင် သူတို့အထက်က မျိုးဆက်တွေထက် ပိုလုပ်ကြတယ်။ ရန်ဖြစ်တာနည်းပြီး Deal လုပ်တာ ပိုများတယ်။ ထူးခြားတာက တက္ကသိုလ်တက်နေတဲ့ အရွယ်တွေဟာ သူတို့ရှေ့ကအကြီးများထက်ပိုပြီး မိဘတွေနဲ့ ဆက်သွယ်မှု လုပ်ကြတယ်။ အွန်လိုင်းအဆက်အသွယ်တွေက သူတို့ရဲ့ Knowledge ကို ပိုမြင့်စေတာဖြစ်တယ်။ သူတို့က လူကြီးတွေမှာမရှိနိုင်တဲ့၊ လူကြီးတွေမရခဲ့တဲ့ စွမ်းပကား တွေရှိနေတယ်။ ဒီစွမ်းပကားတွေနဲ့ ကမ္ဘာကြီးကို ပိုမိုအသိဉာဏ်မြင့်တဲ့ လူ့အဖွဲ့အစည်းကြီးအဖြစ် ပြောင်းလဲ နိုင်လိမ့်မယ်ဆိုတဲ့ တွက်ဆမှုတွေ ရှိနေပါတယ်။ ဒါတွေဟာ ထောင်စုနှစ်လူငယ်များနဲ့ပတ်သက်လို့ ပိုပိုသာသာ တွက်ဆမှုတွေလို့ မဆိုနိုင်ပါဘူး။

ဒါပေမယ့် ဒီအတိုင်းဖြစ်လာဖို့ကတော့ သူတို့မှာ အကန့်အသတ်တွေ ရှိနိုင်ပါတယ်။ အဲဒါကတော့ Baby Boomer များ ကမ္ဘာကြီးကို မောင်းနှင်နေတုန်းဖြစ်တဲ့ ပြဿနာပါပဲ။ စစ်အေးလွန်သော်လည်း စစ်အေးပုံသဏ္ဌာန်သစ်တစ်မျိုး (A New Kind of Cold War) ဆိုတာမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ ခရိုင်းမီးယားလို၊ တောင်တရုတ်ပင်လယ်လို ပထဝီနိုင်ငံရေးတွေလည်း ရှိလာပါတယ်။ ကုန်သွယ်ရေးစစ်ပွဲတွေလည်း ဖြစ်လာနိုင်ပါတယ်။

> **ခြုံပြောရင်တော့ လူငယ်တွေမှာ ယခင်ခေတ်က လူကြီးများနဲ့ မတူတဲ့ ကျယ်ပြန့်တဲ့ ဆက်သွယ်မှုတွေရှိကြပါတယ်။ သူတို့ခေတ်ကာလအလျောက် သူတို့ပိုင်းဖြတ်ချက်တွေ ရှိကြမှာဖြစ်တာမို့ လူကြီးများဘက်က ဆရာလုပ်စရာ၊ ပညာပေးစရာ သိပ်မရှိလှဘူးလို့ ထင်ပါတယ်။ ကိုယ့်နိုင်ငံအခြေအနေအရ သူတို့လမ်းကြောင်းကို သူတို့တွေ့သွားမှာလို့ ယူဆနိုင်ပါတယ်။ အဓိကအားဖြင့် အားပေးချင်တာပါ။ ဘယ်လိုအားပေးမလဲဆိုတာကိုတော့ စဉ်းစားကြရမှာပါ။ နောက်တစ်ခုက အသစ်အသစ်တွေ သယ်ဆောင်လာမှု၊ ဖန်တီးလာမှုများအတွက် သူတို့ကို ကျေးဇူးတင်ရမှာဖြစ်**

အခုလူငယ်များအကြောင်း ပြန်ဆက်ရအောင်ပါ။ ထောင်စုနှစ်လူငယ်များက ဒီအခြေအနေတွေကို ဘယ်လိုမြင်ကြမလဲ။ အပေါ်မှာဖော်ပြခဲ့တဲ့ သူတို့ရဲ့ ထူးခြားတဲ့ ဖြစ်တည်မှုအခံတွေနဲ့ လက်ရှိကမ္ဘာကြီးကို ဘယ်လိုအကဲဖြတ်ကြမလဲ။ ဘယ်လိုအတွေးသစ်တွေ၊ ဘယ်လိုအရေးသစ်တွေနဲ့ တင်လာကြမလဲဆိုတာတွေက စိတ်ဝင်စားစရာဖြစ်လာတာပါ။ လောလောဆယ် ပေါ်ထွက်နေတဲ့ မဂ္ဂဇင်းလေးတွေ ရှိပါတယ်။ ဒီမဂ္ဂဇင်းတွေမှာရေးတဲ့ လူငယ်တွေကို လူကြီးအများစုက မသိကြသလို၊ သူတို့ ဘာသာပြန်တဲ့ မူရင်းစာရေးဆရာတချို့ဟာလည်း လူကြီးများအတွက် စိမ်းနေတာဖြစ်ပါတယ်။ တချို့အရေးအသားတွေက အင်မတန်ကောင်းပါတယ်။ ဘာသာပြန်တွေကလည်း အတော့်ကိုကောင်းတာ တွေ့ရပါတယ်။ အမှန်အတိုင်းပြောရရင် လူကြီးတွေက ကျေးဇူးတင်ရမှာပါ။ အဆက်ပြတ်နေမှုတွေကို မိတ်ဆက်ပေးတဲ့အတွက်ပါပဲ။ ဒီအထဲမှာ တရုတ်ခေတ်ပေါ်ဝတ္ထုတွေ ဘာသာပြန်ပေးတဲ့ "တော်ကောင်းမင်း" လို လူငယ်လူလတ်ပိုင်းတွေလည်း ပါဝင်ပါတယ်။ အခုနောက်ပိုင်း မို့ယန်၊ ယုဂှါ စသူတို့ရဲ့ဝတ္ထုတွေက ယခင်ယဉ်ကျေးမှုတော်လှန်ရေးလို တရုတ်ပြည်ထဲက တကယ်ပြင်းထန်တဲ့ ဖြတ်သန်းမှုတွေကို ရေးခွင့်ရလာကြတဲ့အတွက် အင်မတန် ရသမြောက်နေတာဖြစ်ပါတယ်။ ဒီဝတ္ထုတွေဟာ ရှေးယခင်ခေတ်က လူရွှန်းတို့၊ လောင်ရှည်တို့ရဲ့ ဝတ္ထုတွေလိုပဲ ရသမြောက်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခုတွေ့ရတာကတော့ လိင်ကိစ္စနဲ့ပတ်သက်လို့ အတော်ပွင့်ပွင့်လင်းလင်း ရေးတာတွေပါ။ ဒါက နိုင်ငံတကာအဖို့ မထူးဆန်းကြပေမယ့် မြန်မာနိုင်ငံလို ဥခွံထဲက ထွက်လာရသူအချို့အတွက် လက်ခံဖို့ခက်တာတွေ ရှိနိုင်ပါတယ်။ ၁၉၂၈ ခုနှစ်က Lady Chatterlay’s Lover ဆိုတဲ့ ဝတ္ထုဟာ သူတို့ဆီမှာ အပြင်းအထန် ဝေဖန်ခံရပါတယ်။ ဒီဝတ္ထုနဲ့ပတ်သက်တဲ့ အညွှန်းတွေကို ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက ဖတ်ရပါတယ်။ နောက်ပိုင်း အဟောင်းဆိုင်တစ်ဆိုင်က ဒီဝတ္ထုကိုတွေ့လို့ ဝယ်လာပြီးဖတ်ပါတယ်။ အခန်းအချို့မှာ ကွက်ကွက်ကွင်းကွင်း ရေးထားတာလေးကလွဲလို့ ဝတ္ထုကောင်းတစ်ပုဒ်ဆိုတာ တွေ့ရပါတယ်။ အဓိကအားဖြင့် လိင်ကိစ္စအခန်းအချို့အပြင် အဲဒီခေတ်က လက်ခံဖို့ခက်တာက သာမန်အလုပ်သမားတစ်ဦးနဲ့ အိမ်ထောင်ရေး မခံစားရတဲ့ မင်းမျိုးစိုးနွယ် အထက်လွှာ အမျိုးသမီးတစ်ဦး ရသွားတဲ့ ဇာတ်လမ်းဖြစ်တာလည်း ပါတယ်လို့ သုံးသပ်ကြပါတယ်။ ဒီဝတ္ထုဟာ ကျွန်တော့်ထံကနေ ကျွန်တော်နေထိုင်ရာ ယောကျ်ားလေးဆောင်မှာ လက်ဆင့်ကမ်းသွားကြတာ လူအတော်သိသွားတယ်။ သိပ်ုံက အင်္ဂလိပ်အပြာစာအုပ်လို ဖြစ်တဲ့အတွက် ကိုယ့်နဖူးကိုပဲ ရိုက်ရတော့မယ့်ကိန်းဖြစ်ခဲ့ပါတယ်။ စာအုပ်မှာ ကျွန်တော့်နာမည်ထိုးထားခဲ့တာကိုး။ အခုလည်း ဒီလို ကြုံရနိုင်ကြောင်း ပြောလိုတာပါ။

ခြုံပြောရင်တော့ လူငယ်တွေမှာ ယခင်ခေတ်က လူကြီးများနဲ့မတူတဲ့ ကျယ်ပြန့်တဲ့ ဆက်သွယ်မှုတွေရှိကြပါတယ်။ သူတို့ခေတ်ကာလအလျောက် သူတို့ ပိုင်းဖြတ်ချက်တွေ ရှိကြမှာဖြစ်တာမို့ လူကြီးများဘက်က ဆရာလုပ်စရာ၊ ပညာပေးစရာ သိပ်မရှိလှဘူးလို့ ထင်ပါတယ်။ ကိုယ့်နိုင်ငံ အခြေအနေအရ သူတို့လမ်းကြောင်းကို သူတို့ တွေ့သွားမှာလို့ ယူဆနိုင်ပါတယ်။ အဓိကအားဖြင့် အားပေးချင်တာပါ။ ဘယ်လိုအားပေးမလဲဆိုတာကိုတော့ စဉ်းစားကြရမှာပါ။ နောက်တစ်ခုက အသစ်အသစ်တွေ သယ်ဆောင်လာမှု၊ ဖန်တီးလာမှုများအတွက် သူတို့ကိုကျေးဇူးတင်ရမှာဖြစ်ကြောင်း တင်ပြရတာပါ။ ။

## ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင် အဆင့်မြင့်စံပြကျေးရွာ နွေစပါးစံကွက်ရိတ်သိမ်း

**ဇေယျာသီရိ မေ ၃၀**

နေပြည်တော် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင် အဆင့်မြင့်စံပြကျေးရွာ နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ တောင်သူ ဦးစံလင်း၏ ကွင်းအမှတ် ၁၅၈၉ ၌ ပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးကိုကိုကြီး၊ နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝင်းဦးနှင့် ခရိုင်/မြို့နယ် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားတွင် တောင်သူများနှင့်တွေ့ဆုံစဉ် စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူးက အဆင့်မြင့်စံပြကျေးရွာများ ဖော်ဆောင်ခဲ့မှုနှင့် ကျေးရွာနေပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ စပါးသီးနှံစိုက်ပျိုးမှုအတွက် မျိုးစပါးရွေးချယ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် GAP ဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။



ယနေ့ ပြုလုပ်သော မွန်းတည့်ခွင် အဆင့်မြင့်စံပြကျေးရွာ ဆင်းသုခစပါးမျိုး နွေစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါးအစို ၁၅၃ ဒသမ ၄ တင်းနှုန်း၊ အခြောက် ၁၃၉ ဒသမ ၁ တင်းနှုန်း မြို့နယ်၌ ယခုနှစ်တွင် နွေစပါး ၅၆၅၇ ဧက ထွက်ရှိသည်။ နေပြည်တော် ဇေယျာသီရိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အောင်မိုး**




☆ ကျောဖုံးမှ

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်လှထွန်းနှင့် ဒေါက်တာဒေါ်မြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေတိုရေရှည်အစီအစဉ်များချမှတ်**

အစည်းအဝေးတွင် ဒုတိယသမ္မတက ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် ဒုတိယအကြော့ UPR အကြံပြုတိုက်တွန်းချက်များအား ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် တတိယအကြော့ သုံးသပ်ခံယူရန်အတွက် နိုင်ငံတော်၏ အစီရင်ခံစာ မတင်သွင်းမီကာလအတွင်း ရေတိုရေရှည် အစီအစဉ်များချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Universal Periodic Review-UPR ဆိုင်ရာ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင် အဖွဲ့ဝင် ၂၅ ဦးဖြင့် လုပ်ငန်းတာဝန်ငါးရပ်ချမှတ်ကာ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် “အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ”ကိုအဖွဲ့ဝင် ၂၃ ဦးဖြင့်လည်းကောင်း၊ “စာတမ်းပြုစုရေးကော်မတီ”ကို အဖွဲ့ဝင် ၂၀ ဖြင့်လည်းကောင်း၊ “အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီ”ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့်လည်းကောင်း ၂၀၁၉ ခုနှစ်၊ ဖေ့ဖြီ ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက် ၁၆၆ ချက်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကဏ္ဍ ၁၂ ရပ်ကိုချမှတ်ကာ တာဝန်ခံဆောင်ရွက်ရမည့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို သတ်မှတ်ခဲ့ပါကြောင်း။

အဆိုပါကဏ္ဍ ၁၂ ရပ်အတွက် တာဝန်ခံဆောင်ရွက်ရမည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှာ အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆို ရန်ကိစ္စရပ် ၄၁ ရပ်နှင့်စပ်လျဉ်း၍ “နိုင်ငံခြားရေးဝန်ကြီးဌာနကလည်းကောင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်ခုနစ်ရပ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်လေးရပ်နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနကလည်းကောင်း၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲရေး ကိစ္စရပ် ၁၉ ရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်းကောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် ၁၂ ရပ်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်းကောင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖော်ဆောင်ရေးကိစ္စနှင့် မြေသိမ်းမှုကိစ္စရပ် ၁၀ ရပ်နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ကျား-မ တန်းတူရည်တူရှိမှုမြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများကာကွယ်ရေးကိစ္စရပ် ၁၅ ရပ်နှင့် ခွဲခြားမှုမပြုရေး ကိစ္စရပ် ၁၅ ရပ်တို့နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်းကောင်း၊ ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ် ၁၃ ရပ်နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနကလည်းကောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကိစ္စရပ် ၁၈ ရပ်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စရပ်ခုနစ်ရပ်နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်းကောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ် ငါးရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့ကလည်းကောင်း တာဝန်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ တင်ပြချက်များအရ အကြံပြုတိုက်တွန်းချက် ပေါင်း (၁၆၆)ချက်တွင် ဆောင်ရွက်ပြီး(၁၈)ချက်နှင့် ဆောင်ရွက်ဆဲ (၁၄၈)ချက်တို့ကို တွေ့ရပါကြောင်း။

**သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဆောင်ရွက်**

UPR အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ခုနစ်ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး တစ်ချက်နှင့် ဆောင်ရွက်ဆဲခြောက်ချက်ရှိသည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် UPR အကြံပြုတိုက်တွန်းချက် ၁၆၆ ချက်နှင့် ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ဆဲအချက်အများစုမှာ စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ရမည့်အချက်များဖြစ်သဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အချက်များကိုလည်း သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းကာ အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**အချိန်မီပေးပို့နိုင်ရေးဆောင်ရွက်**

မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍ ၁၂ ရပ်အလိုက် တာဝန်ခံဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ၃ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တင်ပြလာမှုနှင့် စပ်လျဉ်း၍ တချို့အကြောင်းအရာများသည် ယေဘုယျဆန်ပြီး ကျစ်လျစ်မှုမရှိသည်ကိုတွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာကော်မတီများအနေဖြင့် အစီရင်ခံစာပြုစုရာတွင် အချက်အလက်များ ပြည့်စုံ၊ တိကျမှန်ကန်မှုရှိစေရေး၊ စကားလုံးများ ဖောင်းပွမှုမရှိစေရေးနှင့် ပါဝင်သင့်ပါဝင်ထိုက်သည်များ ကျန်ရှိမှုမရှိစေရေးတို့ကို စိစစ်ဆောင်ရွက်ကာ နိုင်ငံတကာမှ လက်ခံနိုင်သည့် အစီရင်ခံစာဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ လိုအပ်သည့် အချက်အလက်များကို အချိန်မီပေးပို့နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

UPR အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ “Time Frame” ရေးဆွဲဆောင်ရွက်ရန် မှာကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ရေး နိုင်ငံတော်၏အစီရင်ခံစာ (National Report) ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည့်အတွက် အစီရင်ခံစာ(မူကြမ်း)ကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် နောက်ဆုံးထား၍ ပြုစုတင်ပြနိုင်ရေးနှင့် ပြီးပြည့်စုံသည့် အစီရင်ခံစာ(မူချော)ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် တင်ပြနိုင်ရန်အတွက် အထူးကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ကာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက Time Frame အတိုင်း ပြီးစီးရန်အတွက် အစီရင်ခံစာမူကြမ်းများကို ၂၀၁၉ ခုနှစ် ဩဂုတ်မှစပြီး အစီရင်ခံစာ ပြုစုရေးလုပ်ငန်းကော်မတီသို့ပေးပို့ရမည်ဖြစ်ပါကြောင်း။

**ရှင်းလင်းတင်ပြ**

UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေး ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ရှိကြုံတွေ့နေရသော နိုင်ငံတကာ၏ စွပ်စွဲပြောဆိုမှုများသည် မှန်ကန်မှုမရှိကြောင်းတို့ကို ဖော်ထုတ်ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် ဆက်လက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ အကြံပြုချက်များ၊ လုပ်ငန်းကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက UPR အစီရင်ခံစာပြုစုနိုင်ရေးအတွက် လိုအပ်သည့်ကော်မတီများ ဖွဲ့စည်းခဲ့မှုအခြေအနေ၊ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် UPR အကြံပြုတိုက်တွန်းချက် (၁၆၆) ချက်နှင့်စပ်လျဉ်း၍ ကဏ္ဍ ၁၂ ရပ်အတွက် တာဝန်ခံဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက လေးလတာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်နိုင်က အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန် ကိစ္စရပ် ၄၁ ရပ်နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်လေးရပ်တို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌဦးဝင်းမြက အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်ခုနစ်ရပ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးပြုပြင်ပြောင်းလဲရေးကိစ္စရပ် (၁၉)ရပ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်သွေးသွေးချစ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် (၁၂)ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေး ကိစ္စနှင့် မြေသိမ်းမှုကိစ္စရပ် ၁၀ ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျား-မ တန်းတူရည်တူရှိမှုမြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သော အုပ်စုများကာကွယ်ရေးကိစ္စရပ် ၁၅ ရပ်နှင့် ခွဲခြားမှုမပြုရေးကိစ္စရပ် ၁၅ ရပ်တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ် ၁၃ ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ဘာသာပေါင်းစုံ ချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် ကိစ္စရပ် ၁၈ ရပ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်း ကိစ္စရပ်ခုနစ်ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ် ငါးရပ်နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦးတို့က UPR အကြံပြုတိုက်တွန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး နိုင်ငံတော်၏ အစီရင်ခံစာ (National Report)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေမှုများအပေါ် အကြံပြုချက်များ၊ ထည့်သွင်းရေးသားသင့်သည့် အချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး Mr. Heuangseng Khamdalavong အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဘာသာ တူညီမှုရှိပြီး လာအိုနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# စက်မှုဇုန် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာမှုအခမ်းအနားကျင်းပ





**နေပြည်တော် မေ ၃၀**

"စက်မှုဇုန် ဥပဒေကြမ်း"နှင့်စပ်လျဉ်းသည့် ကြားနာမှုအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်တွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စက်မှုဇုန် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်က စက်မှုဇုန်ဥပဒေကြမ်းရေးဆွဲရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။


**ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ စက်မှုဇုန်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ် သုံးဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ် နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ ကိုယ်စားပြုပုဂ္ဂိုလ် တစ်ဦးတို့က စက်မှုဇုန်လုပ်ငန်းအခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် မူဝါဒများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အခမ်းအနားသို့ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ UNFPA ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စာရင်းကောက်ကွက်များ ရွေးချယ်သတ်မှတ်၍ ကောက်ကွက်မြေပုံရေးဆွဲခြင်းနှင့် အဆောက်အဦစာရင်းတင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကြားဖြတ်သန်းခေါင်စာရင်းသည် ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အကြိုလုပ်ငန်းစဉ်ဖြစ်၍ အရေးပါသည့် လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ရမည့်အခြေအနေ၊ ကြားဖြတ်သန်းခေါင်စာရင်းကို CAPI နည်းပညာအသုံးပြုဆောင်ရွက်မည်ဖြစ်သဖြင့် UNFPA အနေဖြင့် နိုင်ငံတကာအတွေ့အကြုံများ၊ နည်းပညာများ မျှဝေပေးနိုင်ရေး၊ လာမည့် ဇူလိုင်လတွင်ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားနှင့် နိုဝင်ဘာလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ၌ကျင်းပမည့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့၏ နှစ်ပတ်လည်ညီလာခံတို့တွင် UNFPA မှ ဆောင်ရွက်မည့် အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနမှ မကြာမီ ဆောင်ရွက်မည့် e-ID စနစ် လုပ်ငန်းစဉ်နှင့် ယင်းလုပ်ငန်းစဉ်အပေါ် UNFPA မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာတွင် UNFPA အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ညှိနှိုင်းကာ ပူးပေါင်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး UNFPA ဌာနေကိုယ်စားလှယ်က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေအစီရင်ခံစာ စာအုပ်ကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇန်နဝါရီလမှ မေလအထိ ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမား ၈၆၆ ဦး လွှဲပြောင်းပေးအပ်ခဲ့

**တာချီလိတ် မေ ၃၀**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ဇန်နဝါရီလမှ မေလအထိ ၈၆၆ ဦး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၁၇/၂၀၁၉) ကျင်းပ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၇/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့နံနက် ၁၁ နာရီတွင် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း (PGMF) မှ President & CEO, Mr. MarkViso နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်ရေးအတွက် အထောက်အကူပြုနိုင်ရေးနှင့် လယ်ယာကဏ္ဍနှင့် ကျေးလက်ကဏ္ဍများတွင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သော အသေးစားငွေကြေးဝန်ဆောင်မှု အတွေ့အကြုံများကိုအခြေခံ၍ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း (PGMF)သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ မြို့နယ် ၅၉ မြို့နယ်တွင် Microfinance Project ကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ NGOs များက ဆောင်ရွက်လျက်ရှိသည့် အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းပမာဏ၏ ၈၄ ရာခိုင်နှုန်းကို စီမံခန့်ခွဲလျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးရာတွင် ကျေးလက်ဒေသများ၌ အခြေခံစီးပွားရေးလုပ်ငန်းငယ်များ ပေါ်ပေါက်လာရေးနှင့် အဆိုပါလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဂျပန်နိုင်ငံမှ တိုယိုတာမော်တော်ကားကုမ္ပဏီ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်

**နေပြည်တော် မေ ၃၀**


ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် Toyota Motor Asia Pacific Pte., Ltd. ၏ ဥက္ကဋ္ဌ Mr. Susumu Matsuda နှင့်အဖွဲ့အား ယနေ့တွင် ရန်ကုန်မြို့၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် စက်ရုံတည်ထောင်ပြီး မော်တော်ကား ထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက တိုယိုတာကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုမှုအတွက် လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် နည်းပညာမျှဝေပေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ပိုရိတ် လူမှုပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုလုပ်ငန်းများဆောင်ရွက်ပေးရေးတို့တွင် ပါဝင်ဆောင်ရွက်ပေးရန် ပြောကြားသည်။

**၂၀၂၁ ခုနှစ်တွင် စတင်ထုတ်လုပ်မည်**

အဆိုပါကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆ သန်းဖြင့် သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် မော်တော်ယာဉ်များ စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**



## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈)ကို စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးလှတင့်နှင့် ဦးသန်းဌေး တို့ ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁)သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးနေမျိုးအောင်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန်းထိုက်အောင်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကန့်ကွက်လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၁၈)ကို သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၉ (က)(၁)အရ ကြားနာစစ်ဆေးခဲ့သည်။

**တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့**

ထိုသို့ ရွေးကောက်ပွဲခုံအဖွဲ့(၁)က ကြားနာစစ်ဆေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်သည် ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှုပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဦးနေမျိုးအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားသူ ဦးသန်းထိုက်အောင်သည် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း မေ ၃၀ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ဆုံးဖြတ်ပြီး တရားစရိတ်ငွေကျပ် နှစ်သိန်းအား လျှောက်ထားခံရသူက လျှောက်ထားသူအား ပေးစေရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

○ **MNL မှ**

မကွေးနှင့် ဇွဲကပင်အသင်းက ၁၀ မှတ်စီ၊ Southern အသင်းက ကိုးမှတ်၊ Chinland အသင်းက ရှစ်မှတ်၊ ဒဂုံအသင်းက ခြောက်မှတ်ရရှိထားသည်။

ယခုရာသီတွင် အသင်းများ၏ ရမှတ်ကွာဟမှုမရှိဘဲ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် အဆင့် ၆ နေရာမှ ရောဝတီအသင်းတို့၏ အမှတ်ကွာဟမှုမှာ သုံးမှတ်သာရှိသောကြောင့် ဒုတိယအကျော့ပွဲစဉ်များမှာ အကြိတ်အနယ်ရှိဖွယ်ရှိနေသည်။ ယခုရာသီတွင် အသင်းတစ်သင်းတည်း ရလဒ်ကောင်းသွားခြင်းမရှိသောကြောင့် ထိပ်ဆုံးနေရာမှာ အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပထမအကျော့တွင် ရှုံးပွဲမရှိသေးသည့်အသင်းအဖြစ် ရပ်တည်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယအကျော့ပွဲအားလုံးကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်သောကြောင့် ချန်ပီယံဆုအတွက် အလားအလာအကောင်းဆုံးဖြစ်နေသည်။

အမှတ်ပေးပြိုင်ပွဲကို ၁၁ ကြိမ်မြောက် ကျင်းပနေခြင်းဖြစ်ပြီး ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ အမှတ်ပေးပြိုင်ပွဲတွင် အသင်းသုံးသင်းသာ ချန်ပီယံဆုရဖူးပြီး ယခုရာသီတွင် ချန်ပီယံဖြစ်ဖူးသည့် အသင်းများထဲမှ ချန်ပီယံထပ်ဖြစ်မလား၊ ချန်ပီယံအသင်းသစ် ထွက်ပေါ်မလားဆိုတာ ဒုတိယအကျော့ပွဲများက အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ပုံရိပ်များ



စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက်က မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပရာ မုံရွာမြို့ အထက(၇)မှ ကျောင်းသား ကျောင်းသူများက ကျောင်းအပ်နှံရေးနေ့သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြစဉ်။ ထွန်းကိုကို(ယင်းမာပင်)



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇) ကျောင်းခန်းမ၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား မေ ၃၀ ရက်က ကျင်းပရာ နိုင်ငံတော်မှ ထောက်ပံ့သော ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များအား ကျောင်းသားတစ်ဦးက လက်ခံရယူစဉ်။ သန်းဇော်မင်း(ပြန်/ဆက်)



ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၃၀ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးဗလာစာအုပ်များအား ကျောင်းသားတစ်ဦးက လက်ခံရယူစဉ်။ မြို့နယ်(ပြန်/ဆက်)



ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ မေ ၃၀ ရက်က ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပစဉ်။ သူဇာနွယ်(ဖျာပုံ)



ဘိုကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မေ ၃၀ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရာ နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးဗလာစာအုပ်များအား ကျောင်းသားတစ်ဦးက လက်ခံရယူစဉ်။ မိုးစက်(ဘိုကလေး)



တောင်ကုတ်မြို့ အထက(၁) ပညာရတနာခန်းမ၌ မေ ၃၀ ရက်က ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပစဉ်။ မြို့နယ်(ပြန်/ဆက်)

ဇီးကွက်
မျက်မှန်နှင့်ထုတ်ကုန်
သဃ်္ဃန်းကျွန်းဆိုင်ခွဲ အထူးပရိုမိုးရှင်း
မျက်မှန်နှင့်မျက်စိ အထူးကုဆေးခန်း
မျက်မှန် ကိုင်းနဲ့မှန် အပြီးအစီး ၃၀၀၀၀ ကျပ်၊ ကြာချိန် မိနစ် (၂၀)
မျက်စိဆရာဝန်နှင့် စမ်းသပ်ခအခမဲ့
ဇွန်လ(၁)လလုံး (သဃ်္ဃန်းကျွန်း)
ဆိုင်ခွဲ-၁ (မြေနီကုန်း)၊ ဆိုင်ခွဲ-၂(လှည်းတန်း)၊ ဆိုင်ခွဲ-၃ (သဃ်္ဃန်းကျွန်း) - ၃၃-လေးထောင့်ကန်လမ်း၊ AKK / သဃ်္ဃန်းကျွန်းဈေးအရှေ့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ PH : 09-688077888

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အပေါ် IPCC ၏ ဆောင်ရွက်မှုများ၊ တွေ့ရှိချက်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအစိုးရများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Intergovernmental Panel on Climate-IPCC)တို့ ပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ IPCC ၏ အခန်းကဏ္ဍ၊ လုပ်ရှားဆောင်ရွက်မှုများနှင့် တွေ့ရှိချက်များနှင့်ပတ်သက်၍ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကြိုဆိုနှုတ်ဆက်အမှာစကား ပြောကြားသည်။ ထို့နောက် IPCC Working Group I ၏ ဒုတိယဥက္ကဋ္ဌ Mr. Panmao Zhai က အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ IPCC မှ ပညာရှင်များ၊ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ သစ်တောတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊





ကျောင်းသား ကျောင်းသူများ၊ ဌာနအသီးသီးမှ ဖိတ်ကြားထားသူများ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို ရာသီဥတုပြောင်းလဲမှုများအပေါ် IPCC ၏ အခန်းကဏ္ဍ၊ လုပ်ရှားဆောင်ရွက်မှုများနှင့် တွေ့ရှိချက်များအား သိရှိလာစေရေး၊ ရာသီဥတုပြောင်းလဲမှုအပေါ် မူဝါဒချမှတ်သူများအတွက် သိပ္ပံနည်းကျ မူဝါဒများ ချမှတ်နိုင်သည့် တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုအခြေအနေများကို ဒေသတွင်းရှိ သိပ္ပံနှင့် သုတေသနအသိုင်းအဝိုင်းများ၊ မီဒီယာများ ပိုမိုသိရှိလာစေရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲကို မေ ၃၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ်တွင် အသေးစားလုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည်

**နေပြည်တော် မေ ၃၀**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသေးစား (SME) လုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသေးစား(SME)လုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော် ထူထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို အမျိုးသားလွှတ်တော်တွင် ချင်းပြည်နယ် မဲဆန္ဒနယ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇေ့တင်းက မေးမြန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



ချင်းပြည်နယ် မဲဆန္ဒနယ်(၁၁)မှ
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ဦးဇေ့တင်း

ချင်းပြည်နယ်တွင် စက်မှုဇုန်ဖော်ထုတ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "စက်မှုဇုန်တစ်ခုကို အကောင်အထည်ဖော်တဲ့နေရာမှာ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ မြို့ပြအနီးဝန်းကျင်မှာ တည်ရှိမှု၊ ရေနဲ့ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ကျွမ်းကျင်လုပ်သားများရရှိနိုင်မှု၊ ဈေးကွက် အလားအလာကောင်းမွန်မှုနဲ့ ကုန်ကြမ်း လုံလုံလောက်လောက် ရရှိနိုင်မှုစတဲ့ အချက်တွေနဲ့ ပြည့်စုံမှုရှိရမှာဖြစ်သလို စက်မှုဇုန်တွေက ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစီအမံတွေကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရမှာ ဖြစ်ပါတယ်။

**ကြိုတင်လုပ်ဆောင်**

"ဒါကြောင့် ချင်းပြည်နယ်မှာ စက်မှုဇုန်များ တည်ထောင်နိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်တဲ့ အခါမှာလည်း အဲဒီလိုအခြေခံလိုအပ်ချက်တွေနဲ့ ကိုက်ညီမှုရှိရမှာဖြစ်တဲ့အတွက် လုပ်ငန်းများမစတင်မီ ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်မှုတွေကို ရှေးဦးစွာ ကြိုတင်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဟားခါးမြို့နယ်၊ ပလက်ဝမြို့နယ်၊ တီးတိန်မြို့နယ်နဲ့ မတူပီမြို့နယ်တို့မှာ စက်မှုဇုန်တွေ တည်ထောင်သွားနိုင်ဖို့ သတ်မှတ်လျာထားပြီး ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နိုင်ဖို့ မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့တွေကို ၂၀၁၉ ခုနှစ် မတ် ၁၂ ရက်မှာ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ရဲ့ အသေးစိတ်အစီရင်ခံစာအရ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ အသေးစားလုပ်ငန်းစုတွေပါဝင်တဲ့ စက်မှုဇုန်တစ်ခု လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်ပူးပေါင်းကာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**အကြိုလေ့လာဆန်းစစ်မှုများစတင်**

ယခုအခါ ပလက်ဝမြို့နယ်တွင် စက်မှုဇုန်ဖော်ထုတ်ရေးအတွက် ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပြီး သက်ဆိုင်ရာဌာနများမှ အဖွဲ့ဝင်များဖြင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းကာ အကြိုလေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်မှာ ပလက်ဝမြို့နယ်ဟာ ဧရိယာလည်း အကျယ်ပြန့်ဆုံးဖြစ်တယ်။ မြေပြန့်လွင်ပြင်လည်း အများဆုံးပါ။ ကျွန်တော်တို့ဒေသမှာ အလုပ်လက်မဲ့ပြဿနာက တကယ်ကို အခက်အခဲတစ်ခုပါ။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြည်ပနိုင်ငံတွေကို အလုပ်အကိုင် သွားရောက်လုပ်ကိုင်သူတွေနဲ့ ရန်ကုန်၊ မန္တလေး အစရှိတဲ့ မြို့ကြီးတွေမှာ အလုပ်ရှာဖွေလုပ်ကိုင်နေကြရပါတယ်။ ပလက်ဝမြို့နယ်မှာသာ စက်မှုဇုန်တစ်ခု ထူထောင်ပေးနိုင်မယ်ဆိုရင် ဒေသမှာရှိတဲ့ လူငယ်တွေအတွက် အလုပ်အကိုင်လည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်းက ပြောသည်။

**ကုန်စည်ကူးသန်း**

ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်သည် ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိကာ ဧရိယာအကျယ်ဝန်းဆုံး မြို့နယ်တစ်ခုဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၃၀၀၀ ကျော်ရှိကာ လူဦးရေ တစ်သိန်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ထူးခြားသော သဘာဝအလှတရားများ ရှိနေသောကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသော နေရာတစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ဒေသထွက်ကုန်များနှင့် အိန္ဒိယနိုင်ငံမှ ချည်ထည်အပါအဝင် ကုန်ပစ္စည်းမျိုးစုံကို နှစ်နိုင်ငံအပြန်အလှန် ကုန်စည်ကူးသန်းမှုများ ပြုလုပ်လာနိုင်မည်ဖြစ်သည်။ ကုလားတန်မြစ်စီမံကိန်းအရ ပလက်ဝမြို့မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ သွားလာနိုင်သည့် ကားလမ်းကို ၂၀၁၈ ခုနှစ်မှစတင်၍ ဖောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

**အဓိကအရေးပါ**

"ပလက်ဝကနေ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ သွားလာနိုင်တဲ့ မော်တော်ကားလမ်းပြီးတာနဲ့ ပလက်ဝမြို့ဟာ အိန္ဒိယနဲ့ မြန်မာ နှစ်နိုင်ငံကုန်စည်တွေ အပြန်အလှန်သယ်ယူပို့ဆောင်ရာမှာ အဓိကအရေးပါတဲ့ လမ်းကြောင်းပေါ်မှာ တည်ရှိမှာဖြစ်တာကြောင့် စက်မှုဇုန်တစ်ခုကို ဖော်ထုတ်နိုင်ခြင်းဖြင့် အိန္ဒိယက တင်သွင်းလာတဲ့ ချည်ထည်အပါအဝင် ကုန်ပစ္စည်းမျိုးစုံကို တစ်ဆင့်ဖြန့်ဖြူးရာ နေရာတစ်ခုဖြစ်လာနိုင်သလို ဒေသထွက်ကုန်ပစ္စည်းတွေကိုလည်း တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ဖန်တီးပြီး အိန္ဒိယကို ပို့ဆောင်ရာ အချက်အချာနေရာတစ်ခု ဖြစ်လာမှာပါ။ ဒါ့အပြင် ပလက်ဝမြို့အတွက် အဓိကလိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိနိုင်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဖို့ ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်သည် ဝဥ အဓိကထွက်ရှိရာ ဒေသတစ်ခုဖြစ်ပြီး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်၍ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ယူအေအီး စသည့် ပြည်ပနိုင်ငံများသို့ နှစ်စဉ်ပျမ်းမျှတန်ချိန် ၃၀၀၀ ခန့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အခြားဒေသထွက်ကုန်များဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ စပျစ်သီး၊ ထောပတ်သီး၊ သရက်သီးနှင့် ပန်းသီးတို့ကို စက်မှုဇုန်များတွင် နိုင်ငံတကာအဆင့်မီ ဒီဇိုင်းပုံစံများဖြင့် သေသပ်စွာထုပ်ပိုး၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ပါက ချင်းဒေသခံတောင်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း။

**ပံ့ပိုးပေးလျက်ရှိ**

မွေးမြူရေးကဏ္ဍတွင်လည်း ချင်းပြည်နယ်၏ နေရာဒေသအများစုတွင် နွားနောက်များကို တွင်ကျယ်စွာ မွေးမြူလျက်ရှိကြောင်း၊ ထို့ပြင် ချင်းရိုးရာဂျပ်ခုတ်ထည်များသည် အဆင်အသွေးမျိုးစုံဖြင့် လက်ရာသေသပ်ကောင်းမွန်သောကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်မှုရှိသည့် ဒေသထွက်ကုန်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသော စက်မှုဇုန်များ ဖော်ဆောင်နိုင်ခြင်းဖြင့် ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ချင်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာနှင့် အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိနေသကဲ့သို့ လုပ်ငန်းရှင်များအတွက် လိုအပ်သည့် SME ချေးငွေများကိုလည်း အကူအညီပေးလျက်ရှိကြောင်း ပြောကြားသည်။

**ပိုမိုမြင့်မား**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်းက "စက်မှုဇုန်တစ်ခုဖြစ်လာမယ်ဆိုရင်တော့ ရိုးရာလက်မှုလုပ်ငန်းတွေကို ပိုပြီးမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ဇာထိုး၊ ပန်းထိုး၊ ရက်ကန်းလုပ်ငန်းတွေ၊ ဦးထုပ်ထုတ်တဲ့ လုပ်ငန်းတွေလည်း ပိုပြီးတွင်ကျယ်လာမှာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ကုလားတန်မြစ်ကူးတံတားစီမံကိန်း ပြီးစီးသွားရင်တော့ ပြည်ပကဝင်ထွက်မှု များပြားလာပြီး စက်မှုဇုန်လည်း ပိုမိုမြင့်မားလာမယ်။ နောင်မှာလည်း ပလက်ဝမြို့နယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေလည်း များပြားလာမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

ပလက်ဝမြို့နယ်တွင် တည်ဆောက်မည့် စက်မှုဇုန်ထူထောင်ပြီးပါက ဒေသခံပြည်သူများ ကြုံတွေ့နေရသည့် အလုပ်အကိုင်ရှားပါးမှုပြဿနာများကိုလည်း ဖြေရှင်းပေးရာရောက်သကဲ့သို့ လူသားအရင်းအမြစ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အဆိုပြုလွှာပေးပို့ညှိနှိုင်း**

စက်မှုဝန်ကြီးဌာနအနေဖြင့် ပလက်ဝမြို့နယ်အပါအဝင် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံလူငယ်လူရွယ်များအား သက်မွေးပညာရပ်များကို သင်ကြားပေးနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံတစ်ခု၊ အစိုးရစက်မှုအထက်တန်းကျောင်း နှစ်ခု၊ စိုက်ပျိုးရေးသိပ္ပံ တစ်ခု၊ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း နှစ်ခု၊ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း ခုနစ်ခုနှင့် သူနာပြုဒီပလိုမာသင်တန်းကျောင်းတစ်ခုတို့ကို ချင်းပြည်နယ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနတွင်လည်း ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရေး၊ ကျေးလက်လူမှုစီးပွားတိုးတက်မြင့်မားလာရေးနှင့် ချင်းပြည်နယ်တွင် ပေါ်ပေါက်လာမည့် စက်မှုဇုန်များအတွက် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် ကြိုတင်စီမံသည့်အနေဖြင့် စက်မှုသင်တန်းကျောင်း (ပလက်ဝ)ကို ထိုင်းနိုင်ငံမှ (NEDA) Neighbouring Countries Economic Development Cooperation Agency ၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်သွားနိုင်ရန် အဆိုပြုလွှာ ပေးပို့ညှိနှိုင်းထားကြောင်း။

**ပဏာမအဆင့်ဆောင်ရွက်**

အဆိုပါ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ပါက ဒေသခံပြည်သူများနှင့် SME လုပ်ငန်းများကို အများဆုံးအထောက်အကူပြုစေမည့် လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်၊ ဂဟေဆက်ပညာဘာသာရပ်၊ မော်တော်ယာဉ်စက်ပြင်ဘာသာရပ်၊ တွင်ခုံဖောက်ခံစက်ကိုင်ကျွမ်းကျင်ဘာသာရပ်၊ လယ်ယာသုံးအင်ဂျင်ငယ်များ ပြုပြင်ထိန်းသိမ်းရေးဘာသာရပ်များအပြင် အဝတ်အထည်ချုပ်လုပ်မှု အတတ်ပညာဘာသာရပ်ကိုပါ သင်ကြားပို့ချသွားနိုင်ရေး စီစဉ်ထားရှိပြီး ပုံမှန်သင်တန်းများမှ နှစ်စဉ် ကျွမ်းကျင်လုပ်သား ၁၅၀ ခန့်ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် ပဏာမအဆင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကာလတိုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားသွားရန် စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရှင်းလင်းပြောကြားခဲ့သည်။

**ကိုမင်း၊ မာမာစိုး(ကြေးမုံ)**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**နယူးဒေလီ မေ ၃၀**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ဝန်ကြီးချုပ်တာဝန်များကို ထမ်းရွက်ရန် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် နယူးဒေလီမြို့သို့ ရောက်ရှိနေသော နိုင်ငံ့အကြီးအကဲများနှင့် တွေ့ဆုံကာ နိုင်ငံ့အရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

ဝန်ကြီးချုပ် မိုဒီသည် မေ ၃၀ ရက် ည ၇ နာရီတွင် သမ္မတအိမ်တော်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး ကာဂျစ္စတန်နိုင်ငံသမ္မတ ဆော်ရွန်ဘေးဂျန်ဘီကိုဗ်နှင့်တွေ့ဆုံကာ နှစ်နိုင်ငံအရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။



မေ ၃၁ ရက်တွင် ဝန်ကြီးချုပ်မိုဒီသည် မြန်မာနိုင်ငံ သမ္မတ ဦးဝင်းမြင့်၊ ဘင်္ဂလားဒေ့ရှ်သမ္မတ အဗ္ဗဒူလ်ဟာမစ်၊ သီရိလင်္ကာသမ္မတ မိုင်သရီပါလဆီရီစီနာ၊ မောရစ်ရှကျွန်းနိုင်ငံဝန်ကြီးချုပ် ပရာဗင့်ကူးမား ဂျက်နော့၊ နီပေါဝန်ကြီးချုပ် ရှာမာအိုလီနှင့် ဘူတန်ဝန်ကြီးချုပ် လိုတေးရှားရင်းတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်မိုဒီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားပြီးနောက် အိန္ဒိယသမ္မတ ရမ်နက်သ်ကိုဗင့်ဒ်က အလည်အပတ်ရောက်ရှိလျက်ရှိသော နိုင်ငံ့အကြီးအကဲများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**ဆင်ဟွာ**

## အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ အီရတ်လုံခြုံရေးတပ်ဖွဲ့များ တိုက်ခိုက်၊ စစ်သွေးကြွ ခုနစ်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၃၀**

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၃၀ ရက်တွင် စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ရာ အိုင်အက်စ်စစ်သွေးကြွ ခုနစ်ဦး သေဆုံးပြီး ၎င်းတို့က ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့် ရာဇာဒီလူမျိုး အမျိုးသမီးတစ်ဦး လွတ်မြောက်ခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်။

ထောက်လှမ်းရေးဆိုင်ရာ သတင်းပေးချက်တစ်ခုအရ ထောက်လှမ်းရေးတပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွများ ပုန်းအောင်းနေသည့် အန်ဘာပြည်နယ်တွင်းမှ သဲကန္တာရဒေသတပ်စုအား စီးနင်းခဲ့ရာ အိုက်အက်စ်စစ်သွေးကြွ ခုနစ်ဦးသေဆုံးခဲ့ပြီး ရာဇာဒီလူမျိုးအမျိုးသမီး ဓားစာခံတစ်ဦး လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးဌာနချုပ် သတင်းဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ အီရတ်နိုင်ငံတွင် ရာဇာဒီလူမျိုးဦးရေ ၆၀၀၀၀၀ ခန့် နေထိုင်ပြီး ယင်းတို့၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အီရတ်နိုင်ငံမြောက်ပိုင်း နင်းဗက်ပြည်နယ်မှ ဆင်ဂျာနှင့် ဘာရှီကွာမြို့များတွင် နေထိုင်ကြသည်။

၂၀၁၄ ခုနှစ်အတွင်းက အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အိုင်အက်စ်စစ်သွေးကြွများက နယ်မြေဒေသအများအပြားကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး ၎င်းစစ်သွေးကြွအစွန်းရောက်များက ရာဇာဒီလူမျိုးများကို ထောင်နှင့်ချီ သတ်ဖြတ်ခဲ့ပြီး ထောင်ပေါင်းများစွာရှိသည့် ရာဇာဒီအမျိုးသမီးများနှင့် ကလေးငယ်များကို ပြန်ပေးဆွဲခဲ့သည်။

၂၀၁၇ ခုနှောင်းပိုင်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များက အစွန်းရောက်အစ္စလာမ္မစ်လက်နက်ကိုင်များအပေါ် အပြည့်အဝ အောင်ပွဲရခဲ့ပြီးနောက် အီရတ်နိုင်ငံတစ်ဝန်းလုံးတွင် လုံခြုံရေးအခြေအနေများ ပဋ္ဌလက်ဆန်စွာ တိုးတက်ကောင်းမွန်လာခဲ့သည်။

**ဆင်ဟွာ**

# နျူကလီးယားလက်နက်စမ်းသပ်မှု ရုရှားပြုလုပ်ဟု အမေရိကန်ထောက်လှမ်းရေး အေဂျင်စီပြောကြား

**ဝါရှင်တန် မေ ၃၀**

ရုရှားအစိုးရက နျူကလီးယားလက်နက်စမ်းသပ်မှုကို လျှို့ဝှက်စွာ လုပ်ဆောင်လျက်ရှိသည်ဟု အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ဖော်ထုတ်ပြောကြားခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာတစ်ခုက ဆိုသည်။

**ကိုးကားဖော်ပြ**

အမေရိကန်ထောက်လှမ်းရေးအဖွဲ့၏အစီရင်ခံစာတစ်ရပ်ကို ကိုးကားဖော်ပြထားသော မေ ၂၉ ရက်ထုတ် ဝေါစထရိဂျာနယ်၏ ဆောင်းပါးတစ်ပုဒ်တွင် ရုရှားအစိုးရသည် ပြင်းအားပျော့နျူကလီးယားလက်နက်စမ်းသပ်မှုများကို အာတိတ်သမုဒ္ဒရာကျွန်းစု တစ်ခုဖြစ်သော နိုဗာရာဇီမ်ယာ၌ လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါ နျူကလီးယားလက်နက်စမ်းသပ်မှုများသည် ရုရှားနိုင်ငံ၏ ကာကွယ်ရေး စွမ်းပကားကို အဆင့်မြှင့်တင်စေရန် အထောက်အကူဖြစ်စေသည်ဟု အဆိုပါဆောင်းပါးတွင် ရေးသားထားသည်။

အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံသည် နျူကလီးယားလက်နက်စမ်းသပ်မှုများကို ဆိုင်းငံ့ထားမည်ဟု သဘောတူညီခဲ့ကြသည်။

သို့သော် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်စမ်းသပ်မှု ဆိုင်းငံ့ထားခြင်းဆိုင်ရာ နှစ်နိုင်ငံသဘောတူညီမှုများကို လိုက်နာခြင်းမရှိကြောင်း အမေရိကန်ကာကွယ်ရေး စုံစမ်းထောက်လှမ်းရေးအေဂျင်စီဒါရိုက်တာ ရောဘတ်အရှန်လေက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**ပစ်မှတ်ထားခြင်းဖြစ်**

အမေရိကန်နိုင်ငံအနေဖြင့်လည်း နျူကလီးယားလက်နက်စမ်းသပ်မှု ရပ်ဆိုင်းရေးဆိုင်ရာ သဘောတူညီစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်းမရှိခဲ့ကြောင်းနှင့် ယင်းသို့ လက်မှတ်ရေးထိုးမှုမရှိခြင်းကို နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ရှုတ်ချကြမည်ကို ရှောင်ရှားသည့်အနေဖြင့် ရုရှားနိုင်ငံအား ပစ်မှတ်ထားခြင်းဖြစ်သည်ဟု နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ရုရှားအမြဲတမ်းကိုယ်စားလှယ် မိုက်ဟေးလ်လျန်နီဗ်က ဆိုသည်။

ရုရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်တွင် နျူကလီးယားလက်နက်စမ်းသပ်မှု ရပ်ဆိုင်းရေးသဘောတူညီစာချုပ်တွင် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။




အမေရိကန်နိုင်ငံသည် ဖေဖော်ဝါရီလအတွင်း နာဗာဒါးပြည်နယ်၌ ပြင်းအားပျော့ နျူကလီးယားလက်နက်စမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်ဟု အမေရိကန်အစိုးရက မေ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဟန်ဂေရီနိုင်ငံ မြို့တော် ဘူဒါပက်စ်မြို့လွှတ်တော်အဆောက်အအုံအနီး ဒင်ညူမြစ်အတွင်း ရေယာဉ်တစ်စင်းနစ်မြုပ်၊ တောင်ကိုရီးယားခရီးသွား ခုနစ်ဦးသေဆုံး

**ဘူဒါပက်စ် မေ ၃၀**

ရေသူမအမည်ရှိ မြစ်တွင်းရှုခင်းကြည့်ရေယာဉ်တစ်စင်းသည် ဟန်ဂေရီနိုင်ငံမြို့တော် ဘူဒါပက်စ်မြို့ လွှတ်တော်အဆောက်အအုံအနီးရှိ ဒင်ညူမြစ်အတွင်း နစ်မြုပ်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံသား ခရီးသွားခုနစ်ဦး သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဟန်ဂေရီနိုင်ငံမြို့တော် ဘူဒါပက်စ်ရှိ ဒင်ညူမြစ်အတွင်း မေ ၂၉ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် ယင်းနိုင်ငံ၏ အဆိုးရွားဆုံးရေကြောင်းဆိုင်ရာ ဘေးဒုက္ခကျရောက်မှုတစ်ခုအား ဟန်ဂေရီ ရဲတပ်ဖွဲ့က မေ ၃၀ ရက်တွင် ရာဇဝတ်ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို စတင်ပြုလုပ်နေပြီဖြစ်သည်။ ယင်းရေယာဉ် နစ်မြုပ်မှုတွင် တောင်ကိုရီးယားနိုင်ငံသား ခရီးသွားခုနစ်ဦးသေဆုံးခဲ့ပြီး အခြားလူ ၂၁ ဦး ပျောက်ဆုံးနေကြောင်း သတင်းတွင် ဖော်ပြသည်။



ရှုခင်းကြည့်ရေယာဉ် နစ်မြုပ်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ရေသူမအမည်ရှိ မြစ်တွင်းရှုခင်းကြည့် ရေယာဉ်သည် ၎င်းထက်အရွယ်အစား အလွန်ကြီးမားသည့် ခရီးသည်တင်ရေယာဉ်နှင့် ဒင်ညူမြစ်အတွင်း၌ မေ ၂၉ ရက် ညနေပိုင်းတွင် တိုက်မိခဲ့ပြီး ခုနစ်စက္ကန့်အတွင်းတွင် အဆိုပါရေယာဉ် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဟန်ဂေရီတပ်မတော်မှ ရေငုပ်သမားများက ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပြီး ရေယာဉ်နစ်မြုပ်မှုတွင် အသက်ရှင်ကျန်သူများအား ရှာဖွေမှုများပြုလုပ်သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြစ်ရေပြင် မြင့်တက်နေပြီး မြစ်ရေစီး အလွန်သန်နေခြင်းကြောင့် ၎င်းတို့၏ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများမှာ ခက်ခဲကြန့်ကြာမှုများရှိနေသည်။

အလျား ၂၆ မီတာရှိသည့် ရေသူမ အမည်ရှိ ရှုခင်းကြည့်ရေယာဉ် နစ်မြုပ်ချိန်တွင် ရေယာဉ်ပေါ်တွင် လူ ၃၅ ဦးလိုက်ပါလာပြီး ၎င်းတို့ထဲတွင် တောင်ကိုရီးယားနိုင်ငံသားခရီးသွားများမှာ အများစုဖြစ်ကာ အသက်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦးလည်းပါဝင်သည်။

ဟန်ဂေရီ ရဲတပ်ဖွဲ့မှ သတင်းထောက်များအား ပြသသည့် လုံခြုံရေးကင်မရာမှ ရိုက်ယူထားသည့် မြင်ကွင်းများ၌ တံတားတစ်ခုမှ ထွက်ခွာလာသည့် ရေသူမရှုခင်းကြည့်ရေယာဉ်သည် ၎င်းထက် ကိုယ်ထည်ကြီးမားသည့် ခရီးသည်တင်ရေယာဉ်နှင့် တိုက်မိပုံကို မြင်တွေ့ရသည်။

အခင်းဖြစ်မှုနှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက ကူညီကယ်ဆယ်ရေးလုပ်ငန်းအတွက် ရရှိနိုင်သောပစ္စည်းအင်အား အားလုံးကို အသုံးပြုရန် အစိုးရအား ညွှန်ကြားထားကြောင်းသိရသည်။ ဟန်ဂေရီပြည်ထဲရေးဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးတို့သည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ပြီး သေဆုံးသူ မိသားစုဝင်များနဲ့အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး လုပ်ငန်းဆောင်ရွက်မှု အမျိုးသားအဆင့်ဌာနကြီး၏ အကြံပေးဘုတ်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပခဲ့သော ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးလုပ်ငန်းဆောင်ရွက်မှု အမျိုးသားအဆင့်ဌာနကြီး၏ အကြံပေးဘုတ်အဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

**အောင်မြင်မှုများ ပိုမိုရရှိလာမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုယ်လက်လှုပ်ရှား အားကစားလုပ်ငန်းများ ဆောင်ရွက်ခြင်းမှ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၉ ဒသမ ၅ သန်းခန့်ရှိသော ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ပြည်သူများအားလုံးတွင် ကျန်းမာသန်စွမ်းမှု ယခုထက် ပိုမိုရရှိလာကာ အားကစားစွမ်းရည်များ တိုးတက်လာရာမှ တစ်ဆင့် အစွမ်းအစရှိသော အားကစားသမားကောင်းများ ပိုမိုထွက်ပေါ်လာပြီး အားကစားအောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

"ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" နှီးနှောဆွေးနွေးဖလှယ်ပွဲ၊ အမျိုးသားအဆင့် အားကစားဆိုင်ရာ နှီးနှောဆွေးနွေးဖလှယ်ပွဲ"နှင့် "မနက်ဖြန်တိုင်း ကျန်းမာဖျတ်လတ်သော ပြည်သူများဖြစ်စေဖို့ ယနေ့ ကာယပညာ မြှင့်တင်ကြပါစို့"နှီးနှောဆွေးနွေးဖလှယ်ပွဲများမှ ထွက်ပေါ်လာသော အကြံပြုချက်ရလဒ်များကို ပေါင်းစပ်၍ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူမှုရေးဝန်ကြီးများကဦးဆောင်၍ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူး၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေးဦးစီးဌာနမှူးများနှင့် အားကစားမှူးများက ဦးစားပေးဆောင်ရွက်သင့်သည်များကို ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်သွားရမည်**

အထူးသဖြင့် အသက်အရွယ်မရွေး တစ်ဦးချင်းအလိုက် နေရာကျဉ်းတွင်ပင် လေ့ကျင့်နိုင်သည့် ကိုယ်လက်လှုပ်ရှား အားကစားမျိုးကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့ကျင့်နိုင်ရန်ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှု (Fitness Dance)များကို ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများထံ နည်းပြများစေလွှတ်သင်ကြားပေးလျက်ရှိခြင်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ ပိုမိုဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းစီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးမှ အကြံပြုချက်ရလဒ်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မြန်မာနိုင်ငံတွင် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး လုပ်ငန်းဆောင်ရွက်မှုအစပြုပေါ်ပေါက်လာပုံကို ရှင်းလင်းတင်ပြခဲ့ပြီး အတွင်းရေးမှူး ဒေါက်တာရဲတင့်လွင်က ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးလုပ်ငန်းဆောင်ရွက်မှု အမျိုးသားအဆင့်ဌာနကြီးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘုတ်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **မြန်မာ ယူ-၂၂ မှ**

**မြန်မာယူ-၂၂ အသင်း - သုံးဂိုး**

**ပိုဟန်စတီးလားစ်အသင်း - တစ်ဂိုး**

မြန်မာယူ-၂၂ အသင်းသည် ဗီယက်နမ်အသင်းနှင့် ခြေစမ်းပွဲမတိုင်မီ ယှဉ်ပြိုင်ကစားသည့် ခြေစမ်းပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့သည်။ ခြေစွမ်းအရ မြန်မာအသင်း တိုးတက်မှုရှိလာသလို အဆုံးသတ်သေချာခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။ K-League ပြိုင်ပွဲကြောင့် အမာခံကစားသမားများ ပါဝင်လာနိုင်ခြင်းမရှိသည့် ပိုဟန်စတီးလားစ်အသင်းသည် အရန်ကစားသမားများနှင့် သုံးရက်အတွင်း နှစ်ပွဲကစားရသောကြောင့် ယခုပွဲတွင် ထင်သလောက် ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပေ။

မြန်မာ ယူ-၂၂ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဘုန်းသစ္စာမင်း၊ ကျော်သူထွန်း၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း၊ ကျော်မျိုးနိုင်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ခဲ့ပြီး ဒုတိယပိုင်းတွင် တစ်သင်းလုံးလူစားလဲခဲ့သည်။ မြန်မာယူ-၂၂ အသင်းနည်းပြချုပ် ပိုပေ့ါဗ်သည် ယခုခြေစမ်းပွဲတွင် ရလဒ်ကောင်းရန်အပြင် ကစားသမားများ အတွေ့အကြုံရရန်အတွက်ပါ ကစားသမားများကို လဲလှယ်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းမှာလည်း ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ကာ မြန်မာအသင်းကို ရင်ဆိုင်ခဲ့သည်။ သို့သော် မြန်မာယူ-၂၂ အသင်းက ပိုဟန်စတီးလားစ်အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့ပြီး ၂၃ မိနစ်တွင် အောင်နိုင်ဝင်း အဝေးမှကန်သွင်းရာ ဂိုးဝင်ခဲ့၍ မြန်မာအသင်း အဖွင့်ဂိုးရခဲ့ခြင်းဖြစ်သည်။ ၃၇ မိနစ်တွင် ဟိန်းထက်အောင်၏ ဖန်တီးပေးမှုကို ဝင်းနိုင်ထွန်းက ပိတ်သွင်းယူခဲ့၍ ဒုတိယဂိုးရခဲ့သည်။ ၇၃ မိနစ်တွင် မြန်မာယူ-၂၂ အသင်း တတိယဂိုးရခဲ့ပြီး ကောင်းထက်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပိုဟန်စတီးလားစ်အသင်းအတွက် ချေပဂိုးကို ၇၅ မိနစ်တွင် ကင်ဒေါင်ဘင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပိုဟန်စတီးလားစ်အသင်းကချေပဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း မြန်မာအသင်းက အမှားအယွင်းမရှိ ထိန်းချုပ်ကာ အနိုင်ရလဒ်ရယူခဲ့သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဖိုးသော်ဇင်**

# အိန္ဒိယ၊ ဂျပန်တို့နှင့် ဆိပ်ကမ်းဆိုင်ရာသဘောတူညီချက် သီရိလင်္ကာ လက်မှတ်ထိုး

**ကိုလံဘို မေ ၃၀**

သီရိလင်္ကာနိုင်ငံက ရေနက်ဆိပ်ခံတံတားတစ်စင်း တည်ဆောက်မည့် သဘောတူညီချက်တစ်ရပ်ကို အိန္ဒိယ၊ ဂျပန်နိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့သည်။

သီရိလင်္ကာ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့သည် ကိုလံဘိုဆိပ်ကမ်း၌ အရှေ့ပိုင်းဆိပ်ခံတံတားကို ပူးတွဲတည်ဆောက်သွားမည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံဆိုင်ရာ အိန္ဒိယကော်မရှင်နာမင်းကြီး တာရန်ဂျစ်ဆင်း ဆန်ဒူး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး အကီရာဆူဂီယာမာနှင့် သီရိလင်္ကာ ဆိပ်ကမ်း၊ သင်္ဘောကျင်းနှင့် ဖွံ့ဖြိုးရေးဝန်ကြီး ဆာဂါလာရတ်နာယာကေးတို့သည် မေ ၂၈ ရက်က ကိုလံဘိုမြို့တော်၌ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ကိုလံဘိုဆိပ်ကမ်း၏ ၇၀ ရာခိုင်နှုန်းခန့်သောလုပ်ငန်းများမှာ အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေပြီး ဂျပန်နိုင်ငံက ကိုလံဘိုဆိပ်ကမ်း၌ ဆိပ်ခံတံတားများ တည်ဆောက်ရန် ၁၉၈၀ ပြည့်နှစ်များကတည်းက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သီရိလင်္ကာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (SLPA) က ပြောကြားခဲ့သည်။ အရှေ့ပိုင်း ဆိပ်ခံတံတားကို သီရိလင်္ကာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့(SLPA)က ရာနှုန်းပြည့် ပိုင်ဆိုင်သည်။



အိန္ဒိယသမုဒ္ဒရာ၏ အချက်အချာနေရာတစ်ခုဖြစ်သောကြောင့် သီရိလင်္ကာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆိပ်ကမ်းများပွင့်လင်းမှုမှာ များစွာအရေးပါကြောင်း၊ ကိုလံဘိုဆိပ်ကမ်းမှာ ဒေသတွင်း၌ ဦးဆောင်ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ပူးတွဲစီမံကိန်းက သီရိလင်္ကာ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံ တို့ကြား ကာလကြာရှည်နေပြီဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်စေကြောင်း သီရိလင်္ကာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့(SLPA) က ပြောကြားသည်။

**ကိုးကား- ပီတီအိုင်**

**ဘာသာပြန်- ကျော်ထိုက်စိုး**

# အစ္စရေး အထွေထွေရွေးကောက်ပွဲ စက်တင်ဘာလတွင် ကျင်းပမည်

**တဲအဗစ် မေ ၃၀**

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက သတ်မှတ်ထားသော နောက်ဆုံးအချိန်မတိုင်မီ ညွန့်ပေါင်းအစိုးရတစ်ရပ် မဖွဲ့စည်းနိုင်သောကြောင့် အစ္စရေးနိုင်ငံက စက်တင်ဘာလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း ဒုတိယမြောက် ရှောင်တခင်ရွေးကောက်ပွဲကျင်းပရန်အတွက် လွှတ်တော်ကိုဖျက်သိမ်းရန် အစ္စရေးအမတ်များက ယနေ့အစောပိုင်းတွင် မဲဆန္ဒပြုခဲ့ကြသည်။ ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သည့်ရွေးကောက်ပွဲ၌ နေတန်ယာဟု၏ လက်ယာယိမ်း Likud ပါတီနှင့် ဗဟိုယိမ်း Blue and White ပါတီတို့က အမတ်နေရာ ၃၅ နေရာစီ အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အစ္စရေးသမ္မတက အစိုးရတစ်ရပ်ဖွဲ့စည်းရန် နေတန်ယာဟုကို ညွှန်ကြားခဲ့သည်။ သို့သော်လည်း စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ချောင်ပိတ်မိနေသည့် နေတန်ယာဟုမှာ သတ်မှတ်ရက်အတွင်း ညွန့်ပေါင်းအစိုးရတစ်ရပ် မဖွဲ့စည်းနိုင်ခဲ့ပေ။

အစိုးရတစ်ရပ်ဖွဲ့စည်းရန် Blue and White ပါတီခေါင်းဆောင် ဘန်နီဂန့်ဇ်ကို မျှော်လင့်ခဲ့သည်။ သို့သော်လည်း ညွန့်ပေါင်းအစိုးရမဖွဲ့လိုသည့် နေတန်ယာဟုက Knesset ခေါ် လွှတ်တော်ကိုဖျက်သိမ်းရန် လွှတ်တော်၏ မဲဆန္ဒပြုမှုကို ရွေးချယ်ခဲ့သည်။ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ နေတန်ယာဟုမှာ ကိုယ်ရေးကိုယ်တာအတွက် အားသာချက်ရယူရန် ဩဇာအာဏာကို အသုံးပြုနေကြောင်း အတိုက်အခံပါတီများက စွပ်စွဲလျက်ရှိသည်။

အစ္စရေးနိုင်ငံ၌ နိုင်ငံရေးအရ ကစဉ့်ကလျားဖြစ်ပွားနေမှုက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်ကြေညာမှုကို ရွှေ့ဆိုင်းစေဖွယ်ရှိကြောင်း လေ့လာသူများက ပြောသည်။ **ကိုးကား- အန်အိတ်ချ်ကေ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# ဘက်စုံပူးပေါင်းဆောင်ရွက်ရေး စင်ကာပူဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် ဆွေးနွေး

**စင်ကာပူ မေ ၃၀**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် စင်ကာပူနိုင်ငံသို့ တရားဝင်ခရီးစဉ်ဖြင့် ရောက်ရှိနေသော တရုတ်နိုင်ငံတော် ကောင်စီဝင်လည်းဖြစ် ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သူ ဝေဖဲန်ဟဲအား ယနေ့လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် စင်ကာပူဝန်ကြီးချုပ်က မကြာသေးမီနှစ်များကစ၍ စင်ကာပူနှင့် တရုတ်နိုင်ငံအကြား အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန် သွားရောက်လည်ပတ်မှု မကြာခဏလုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံဆက်ဆံရေးမှာ ချောမွေ့စွာဖြင့် တိုးတက်လာကြောင်း၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအကြား များပြားလှသော ရလဒ်များကို ဖြစ်ထွန်းစေလျက်ရှိကြောင်း၊ အထူးသဖြင့် ပူးတွဲတိုးမြှင့်ထားသည့် ရပ်ဝန်းနှင့် ပိုးလမ်းမတည်ဆောက်ရေးလုပ်ငန်းသည် ဒေသဆိုင်ရာဆက်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဆင်ပြေချောမွေ့စေလျက်ရှိကြောင်း စသည်ဖြင့် ထည့်သွင်း ပြောကြားသည်။

တရုတ်နှင့်စင်ကာပူနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် တိုးတက်လာလျက်ရှိကြောင်း၊ တရုတ်နှင့် စင်ကာပူနိုင်ငံတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးတွဲတည်ဆောက်ရေးအပါအဝင် နယ်ပယ်အသီးသီးတွင် မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ တရုတ်တပ်မတော်သည် မဟာဗျူဟာ အပြန်အလှန်ယုံကြည်မှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် စင်ကာပူတပ်မတော်နှင့် အတူတကွလုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒရှိပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပါဝင်ကူညီရန်လည်း ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# မန္တလေးမြို့တွင် ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မေ ၃၀**

မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်း Mandalay Convention Centre တွင် ယနေ့နံနက် ၁၀ နာရီက ကမ္ဘာ့အကြီးဆုံးစာအုပ်ဈေးရောင်းပွဲတော် Big Bad Wolf Book Sale Mandalay 2019 ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ စာပေနယ်ပယ်အသီးသီးမှ စာရေးဆရာများ၊ စာပေ ဝါသနာရှင်များတက်ရောက်ခဲ့ကြသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဝန်ကြီးချုပ်က မန္တလေးမြို့တွင် ယခုကဲ့သို့ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပနိုင်ခြင်းအပေါ် မှာဒိတာစကားပြောကြားသည်။ ဆက်လက်ပြီး မန္တလေးမြို့တွင် စာအုပ်ဈေးရောင်းပွဲတော်ဖြစ်မြောက်ရေး စီစဉ်သူ Read 2 Read (Myanmar)မှ ဒါရိုက်တာ ဦးမျိုးအောင်၊ Big Bad Wolf Books မှ Group Head of Marketing, Dipak Madhavan တို့က စာအုပ်ဈေးရောင်းပွဲတော်ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့တို့သည် စာအုပ်ဈေးရောင်းပွဲတော်ကြီးအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ဖွင့်ပွဲကျင်းပသည့် ယနေ့တွင် VIP နေ့အဖြစ် သတ်မှတ်ပြီး စာအုပ်များလက်ဆောင်ပေးခြင်း၊ online မှတစ်ဆင့် ကံစမ်းမဲပေါက်သူများကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် စာအုပ်များရောင်းချပေးခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်သူများဝယ်ယူနိုင်ရန် မေ ၃၁ ရက်မှ ဇွန် ၁၀ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်တွင် စာအုပ်များကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းသတ်မှတ်ပြီး ရောင်းချပေးသွားမည် ဖြစ်သည်။

**ခင်းကျင်းပြသထား**

စာအုပ်ဈေးရောင်းပွဲတော်ကြီးတွင် အင်္ဂလိပ်ဘာသာဖြင့် အဆင့်မြင့်စွာထုတ်လုပ်ထားသည့် ဂန္ထဝင်ဝတ္ထုများ၊ ခေတ်ပေါ်ဝတ္ထုများ၊ စိတ်ကူးယဉ်သိပ္ပံဝတ္ထုများ၊ ဟာသစာပေ၊ ကလေးများအတွက် ပုံပြင်နှင့် ရုပ်ပုံစာအုပ်များ၊ ပညာရပ်များအလိုက် လေ့လာရန်ပြုစုထားသည့် စာအုပ်များကို ရောင်းချပေးရန် ခင်းကျင်းပြသထားသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်မောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**

# အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ ၆၀ မြောက် ပျော်ဘွယ်ဘဏ်ခွဲ ဖွင့်လှစ်




**ပျော်ဘွယ် မေ ၃၀**

အင်းဝဘဏ်လီမိတက် ပျော်ဘွယ်ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်း၊ ပျော်ဘွယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ ဘဏ်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများတတ်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက မင်္ဂလာအချိန် နံနက် ၉ နာရီခွဲတွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက အင်းဝဘဏ်လီမိတက် ပျော်ဘွယ်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။(**ယာပုံ**) ထို့နောက် ဘဏ်ခွဲ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ကောင်းမွန်သော ဝန်ဆောင်မှုများ**

ပျော်ဘွယ် ဘဏ်ခွဲသည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ အမှတ်(၃၄၅)မြို့သစ်ရပ်ကွက် ပျော်ဘွယ်မြို့တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order)များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုး ထုတ်ပေးခြင်း၊ Debit Card များထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာလည်ပတ်နိုင်ရေး ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုပျော်ဘွယ်အင်းဝဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၆၀ မြောက် ဘဏ်ခွဲဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများပါဝင်သည့်သတင်းအဖွဲ့ ဂုံးနားကျေးရွာနှင့် အောင်ဗလကျေးရွာတို့၌ သတင်းရယူ

**မောင်တော မေ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဂုံးနားကျေးရွာရှိ ရွှေဇာကပ္ပကောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအတွင်းရှိ လူမှုအသိုက်အဝန်းများနှင့် တွေ့ဆုံသတင်းရယူကြသည်။

ဆက်လက်၍ သတင်းအဖွဲ့သည် ဂုံးနားကျေးရွာနှင့် အောင်ဗလကျေးရွာအတွင်း လေ့လာသတင်းရယူကြသည်။


ထို့နောက် သတင်းအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချီ

**နေပြည်တော် မေ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ်(၁၁)ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။




ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် “မြန်မာ့ကန်ထရိုက်လယ်ယာစနစ်နှင့် မျိုးစေ့ထုတ်လုပ်ငန်းများ၏ စိန်ခေါ်မှုများ(ဆောင်းပါး)၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုအခြေပြုလေ့လာမှုစခန်း (အင်တာဗျူး)၊ တောင်သူများအား မိုးသီးနှံမျိုးစေ့များ ထောက်ပံ့ကူညီ၊ ဝက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် လိုက်နာရမည့်အချက်များ(ဆောင်းပါး)၊ အရိုးပွခြင်းနှင့် ခန္ဓာကိုယ်သန်စွမ်းမှု(ဆောင်းပါး)၊ ကျောင်းဖွင့်ချိန် အနာဂတ်ရင်သွေးငယ်များ၏ ပုံရိပ်ပန်းချီများ၊ ဆရာကြီးလယ်တွင်းသားစောချစ်၏ ‘ဒုတိယအရွယ်’ အခန်းဆက်ဝတ္ထုရှည်” အပါအဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက်ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# မှုခင်းစီမံခန့်ခွဲမှုစနစ်မှသည် ပြည်သူအားကိုးထိုက်သော တရားစီရင်ရေးစနစ်ဆီသို့



**မောင်စာဂ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံး လုပ်နည်းများကို ၁-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၆၄၉/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့သည်။ တရားစီရင်ရေးသမိုင်းတွင် ဆန်းသစ်သည့် မှတ်တိုင်တစ်ခု စိုက်ထူခြင်းဟု ဆိုနိုင်သည်။ ဥပဒေလောကသားတစ်ဦး ဖြစ်သည်နှင့်အညီ ကျေနပ်နှစ်မြို့မိသည်။ ပြည်သူများလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အနှစ်ချုပ်မျှဝေပါရစေ။

**သက်ဆိုင်ခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသော မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ရာဇဝတ်မှုလမှု၊ တရားမမှုလမှုကို ကြားနာခြင်းနှစ်မျိုးစလုံးနှင့် သက်ဆိုင်သည်။

**မှုခင်းစီမံခန့်ခွဲခြင်း**

မှုခင်းစီမံခန့်ခွဲခြင်းဆိုသည်မှာ ရာဇဝတ်မှုဖြစ်စေ၊ တရားမမှုဖြစ်စေ စစ်ဆေးစီရင်ရာတွင် သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရန် မှုခင်းစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားရုံးက အမှုနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ နည်းပညာအထောက်အပံ့များဖြင့် စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ရည်ရွယ်ချက်**

လုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မှုခင်းများတွင် အငြင်းပွားမှုများကို မျှတစွာဖြေရှင်းရန်၊
(ခ) မှုခင်းများကိုအချိန်နှင့်တစ်ပြေးညီ စစ်ဆေးစီရင်နိုင်ရန်၊
(ဂ) အမှုလက်ကျန်များနှင့် ကြန့်ကြာနေသည့်မှုခင်းများ လျှော့ချရန်၊
(ဃ) တရားရုံးများအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန်။

**အခြေခံမူများ**

လုပ်ထုံးလုပ်နည်းများ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တရားရုံးများသည် မှုခင်းစီမံခန့်ခွဲမှုစနစ်ကို တစ်ပြေးညီ လိုက်နာဆောင်ရွက်စေရေး၊
(ခ) တရားစီရင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် တရားသူကြီးက ဦးဆောင်၍ ကြိုတင်စီမံခန့်ခွဲရေး၊
(ဂ) အမှုကို စဉ်ဆက်မပြတ် ကြားနာစစ်ဆေးရေး၊
(ဃ) အမှုကို အကြိမ်ကြိမ် ရွှေ့ဆိုင်းရခြင်းများကို လျှော့ချရေး၊
(င) ရုံးချိန်းတစ်ချိန်၌ သက်သေတစ်ဦးထက်ပိုမို၍ စစ်ဆေးသည့်မူကို လိုက်နာကျင့်သုံးရေး၊
(စ) အမှုများကို စံသတ်မှတ်ကာလအတွင်း ပျမ်းမျှ ရုံးချိန်းအရေအတွက်ဖြင့် ပြီးပြတ်စေရေး၊
(ဆ) အမှုအမျိုးအစားပေါ်မူတည်ပြီး အမှု၏အဆင့်ဆင့်ဆောင်ရွက်မည့်ကာလ၊ အမှုတစ်ခုလုံး ပြီးပြတ်နိုင်မည့်ကာလများကို အမှုသည်များက ကြိုတင်သိရှိရေး၊
(ဇ) အမှုတွင် ကြားနာစစ်ဆေးခြင်းမပြုမီ နှစ်ဖက်အမှုသည်များ၊ ဥပဒေအရာရှိ၊ မှုခင်းမှတ်တမ်းတာဝန်ခံ၊ ရှေ့နေများအတွက် ကြိုတင်ပြင်ဆင်ရာတွင် အချိန်ရရှိစေရေး၊
(ဈ) သက်သေများကို နှစ်ဖက်အမှုသည်များ၊ ဥပဒေအရာရှိ၊ မှုခင်းမှတ်တမ်းတာဝန်ခံ၊ ရှေ့နေများက တာဝန်ယူပြီး ရုံးချိန်းရက်တွင် ရုံးရှေ့သို့ရောက်ရှိစေရေး၊
(ည) အမှုသည်များအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို တတ်နိုင်သမျှကျေအေး၊ ပြေငြိမ်းပြီးပြတ်စေရေး၊
(ဋ) တရားရုံး၏စွမ်းရည်နှင့် ဝန်ဆောင်မှုအပေါ် တရားရုံးအသုံးပြုသူများ၏ ကျေနပ်မှုကို မြှင့်တင်ရေး။

**အမှုအမျိုးအစားများခွဲခြားသတ်မှတ်ခြင်း**

မှုခင်းစီမံခန့်ခွဲမှုစနစ်ကိုကျင့်သုံးရာတွင် ရာဇဝတ်မှုတွင်ဖြစ်စေ၊ တရားမမှုများတွင်ဖြစ်စေ အလျင်အမြန်ဆောင်ရွက်ရမည့်အမှု၊ ရိုးရှင်းသောအမှု၊ ရှုပ်ထွေးသောအမှုဟူ၍ အမျိုးအစား သုံးမျိုးခွဲခြားသတ်မှတ်သည်။ အမျိုးအစားသတ်မှတ်ပုံချင်း တူညီသည်။

**အချိန်စံနှုန်းသတ်မှတ်ခြင်း**

အချိန်စံနှုန်းသတ်မှတ်ရာ၌ ရာဇဝတ်မှုများတွင် သတ်မှတ်ခြင်းနှင့် တရားမမှုများတွင် သတ်မှတ်ခြင်း တူညီမှုမရှိပါ။

**ရာဇဝတ်မှုများတွင်-**

အလျင်အမြန်ဆောင်ရွက်ရမည့် အမှုအမျိုးအစားများကို ရက်ပေါင်း ၉၀ အတွင်းတွင် ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ကနဦးအဆင့်တွင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး၊ အပြီးသတ်အကြို ညှိနှိုင်းအစည်းအဝေးတို့ပါဝင်ပြီး ၂၅ ရက်အတွင်း ဆောင်ရွက်မည်။ ကြားနာခြင်းအဆင့်တွင် တရားလိုနှင့် တရားခံ ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်းနှင့် အပြီးသတ် လျှောက်လဲခြင်းတို့ပါဝင်ပြီး ၅၅ ရက်အတွင်း ဆောင်ရွက်မည်။ စီရင်ချက်ချမှတ်ခြင်းကို ၁၀ ရက်အတွင်း ဆောင်ရွက်ရမည်။

ရိုးရှင်းသောအမှုအမျိုးအစားကို ရက်ပေါင်း ၁၈၀ အတွင်းတွင် ပြီးပြတ်အောင်ဆောင်ရွက်မည်။ ကနဦးအဆင့်တွင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး၊ အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးတို့ပါဝင်ပြီး ရက်ပေါင်း ၅၀ အတွင်း ဆောင်ရွက်ရမည်။ ကြားနာခြင်းအဆင့်တွင် တရားလို၊ တရားခံနှင့် ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်းနှင့် အပြီးသတ်လျှောက်လဲချက် ကြားနာခြင်းတို့ ပါဝင်ပြီး ရက်ပေါင်း ၁၁၀ အတွင်း ဆောင်ရွက်ရမည်။ စီရင်ချက်ချမှတ်ခြင်းကို ရက်ပေါင်း ၂၀ အတွင်း ဆောင်ရွက်ရမည်။

ရှုပ်ထွေးသောအမှုအမျိုးအစားကို ရက်ပေါင်း ၂၇၀ အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်။ ကနဦးအဆင့်တွင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး၊ အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးတို့ပါဝင်ပြီး ၇၅ ရက်အတွင်း ဆောင်ရွက်ရမည်။ ကြားနာခြင်းအဆင့်တွင် တရားလို၊ တရားခံနှင့် ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်းနှင့် အပြီးသတ်လျှောက်လဲချက်ကြားနာခြင်းတို့ပါဝင်ပြီး ၁၆၅ ရက်အတွင်း ဆောင်ရွက်ရမည်။ စီရင်ချက်ချမှတ်ခြင်းကို ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ရမည်။

**တရားမမှုများတွင် -**

အလျင်အမြန်ဆောင်ရွက်ရမည့် အမျိုးအစားကို ရက်ပေါင်း ၂၇၀ အတွင်းတွင် ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ကနဦးအဆင့်တွင် တရားပြိုင်ရောက်ရှိခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး ပြုလုပ်ခြင်းနှင့် အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းတို့ပါဝင်ပြီး ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်ရမည်။ ကြားနာခြင်းအဆင့်တွင် ငြင်းချက်ထုတ်ခြင်း၊ အပြီးသတ်ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခြင်း၊ တရားလို၊ တရားပြိုင်နှင့် ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်း၊ အပြီးသတ် လျှောက်လဲချက်ကြားနာခြင်းတို့ပါဝင်ပြီး ရက်ပေါင်း ၁၆၀ အတွင်း ဆောင်ရွက်ရမည်။ စီရင်ချက်ချမှတ်ခြင်းကို ရက်ပေါင်း ၂၀ အတွင်း ဆောင်ရွက်ရမည်။

ရိုးရှင်းသောအမှုအမျိုးအစားကို ၃၆၅ ရက်အတွင်းတွင် ပြီးပြတ်အောင်ဆောင်ရွက်ရမည်။ ကနဦးအဆင့်တွင် တရားပြိုင်ရောက်ရှိခြင်း၊ မှုလစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်ခြင်းနှင့် အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းတို့ပါဝင်ပြီး ရက်ပေါင်း ၁၂၀ အတွင်း ဆောင်ရွက်ရမည်။ ကြားနာခြင်းအဆင့်တွင် ငြင်းချက်ထုတ်ခြင်း၊ အပြီးသတ် အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ တရားလို၊ တရားပြိုင်နှင့် ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်းနှင့် အပြီးသတ်လျှောက်လဲကြားနာခြင်းတို့ပါဝင်ပြီး ၂၁၅ ရက်အတွင်း ဆောင်ရွက်ရမည်။

ရှုပ်ထွေးသောအမှုအမျိုးအစားများကို ရက်ပေါင်း ၅၄၀ အတွင်းတွင် ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ ကနဦးအဆင့်တွင် တရားပြိုင်ရောက်ရှိခြင်း၊ မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေးပြုလုပ်ခြင်းနှင့် အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းတို့ပါဝင်ပြီး ရက်ပေါင်း ၁၈၀ အတွင်း ဆောင်ရွက်ရမည်။ ကြားနာခြင်းအဆင့်တွင် ငြင်းချက်ထုတ်ခြင်း၊ အပြီးသတ်အကြိုညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ တရားလို၊ တရားပြိုင်နှင့် ၎င်းတို့၏သက်သေများကို ကြားနာစစ်ဆေးခြင်းနှင့် အပြီးသတ်လျှောက်လဲချက်ကြားနာခြင်းတို့ပါဝင်ပြီး ရက်ပေါင်း ၃၃၀ အတွင်း ဆောင်ရွက်ရမည်။ စီရင်ချက်ချမှတ်ခြင်းကို ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ရမည်။

**ရှေ့ပြေးစမ်းသပ်တရားရုံးများဖြင့်စတင်ခဲ့ခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမှုသွားအမှုလာ စီမံခန့်ခွဲခြင်းစနစ် (Caseflow Management System) ကို ရှေ့ပြေးစမ်းသပ်တရားရုံး (Pilot Court) သုံးရုံးကို ရွေးချယ်သတ်မှတ်ပြီး ယင်းတရားရုံးများတွင် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်က စမ်းသပ်ကျင့်သုံးခဲ့သည်။ အဆိုပါ အမှုသွားအမှုလာ စီမံခန့်ခွဲခြင်းစနစ်ကို အမေရိကန်နိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်ခန့်က စတင်ကျင့်သုံးခဲ့ပြီး ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် ကျင့်သုံးနေသည့် စနစ်ဖြစ်သည်။

ဤသို့ စမ်းသပ်ကျင့်သုံးရာတွင် အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ (USAID - PRLP) အကူအညီနှင့် အမေရိကန်နိုင်ငံက ကျွမ်းကျင်သူပညာရှင်များ လာရောက်ပြီး ဆွေးနွေးမှုများ၊ လေ့လာမှုများ၊ အလုပ်ရုံဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ရှေ့ပြေးစမ်းသပ်တရားရုံးသုံးရုံး၏ အောင်မြင်မှုရလဒ်များအရ ၂၀၁၆ ခုနှစ်တွင် နောက်ထပ် ရှေ့ပြေးတရားရုံးငါးရုံးကို တိုးချဲ့ပြီး အဆိုပါစနစ်ကို ဆက်လက်စမ်းသပ် ကျင့်သုံးခဲ့သည်။ အောင်မြင်မှုရှိကြောင်းလည်း သိရှိရသည်။

**ပြည်သူတွေအားကိုးထိုက်သော တရားစီရင်ရေးစနစ်ဆီသို့**

ယခင်ရှေးအခါများက မှုခင်းများ မြန်ဆန်ဖို့၊ မှန်ကန်ဖို့ လမ်းညွှန်မှုများ ချမှတ်ဆောင်ရွက်ခဲ့သည်။ အမှုစစ်ဆေးခြင်းမြန်လျှင် မမှန်နိုင်။ ထို့ကြောင့် မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးဟူ၍ ကြွေးကြော်ကာ ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် မည်ကဲ့သို့မြန်အောင် ဆောင်ရွက်စစ်ဆေးရမည်နည်းဆိုသည်ကို ဤကဲ့သို့ တိတိကျကျ အချိန်ဇယားများ သတ်မှတ်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် လက်တွေ့ဆောင်ရွက်ရာတွင် အသံသာရှိသည် အဆန်မရှိဆိုသကဲ့သို့ မျှော်မှန်းသလောက် အောင်မြင်မှုမရခဲ့ပါ။

ယခုမှုခင်းများစီမံခန့်ခွဲမှုစနစ်သည် တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကို အချိန်ဇယားတိကျစွာ သတ်မှတ်ပေးထားသည်။ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းကို မှန်ကန်၊ မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေး ဦးတည်ထားသည်။ မှုခင်းများစီမံခန့်ခွဲမှုစနစ် ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ပြည်သူတွေ မှုခင်းများစစ်ဆေးကြားနာခြင်း ကြန့်ကြာနေသည့်ဘေးမှ ကင်းဝေးနိုင်တော့မည်။ တရားရုံးများက အမှန်တရားကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စီရင်ဆုံးဖြတ်ဆောင်ရွက်နေကြောင်း ပြည်သူတွေ မြင်တွေ့လာကြမည်။ ပြည်သူတွေ အားကိုးအားထားပြုထိုက်သော တရားစီရင်ရေးစနစ် ဖြစ်လာမည်။

**ကြိုဆိုထောက်ခံကြပါစို့**

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) စာမျက်နှာ (၁၁) တွင် အောက်ပါအတိုင်း ရေးသားထားသည်-

အများပြည်သူများက အမှုအခင်းများကို ဥပဒေနှင့်အညီ တရားမျှတ၍ အချိန်မီထိရောက်စွာ ဖြေရှင်းပေးသည့် တရားရုံးစနစ်တစ်ခုကို လိုလားပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် ရှေ့ပြေးတရားရုံးအစီအစဉ်၏ လတ်တလောအတွေ့အကြုံကို အခြေခံသည့် မှုခင်းစီမံခန့်ခွဲမှု နည်းလမ်းသစ်ကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ခေတ်မီနည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် အထောက်အကူပြုသည့် ထိရောက်သော အမှုသွားအမှုလာ စီမံခန့်ခွဲမှုစနစ်များသည် ကျူးလွန်ခံရသူများ၊ သက်သေများ၊ ရှေ့နေများနှင့် တရားရုံးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့နည်းစေနိုင်မည် ဖြစ်သည်။ ခေတ်မီမှုခင်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များက အမှုရွှေ့ဆိုင်းမှုကြောင့် ဖြစ်ပေါ်စေသည့် အချိန်ပြန်းတီးမှုကို သိသာထင်ရှားစွာ လျှော့ကျစေနိုင်မည်ဖြစ်သည်။

မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းသစ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ တရားရုံးများတွင် ချမှတ်ဆောင်ရွက်သွားခြင်းအား ဥပဒေဘက်တော်သားတစ်ဦးအနေဖြင့်သာမက ပြည်သူတစ်ယောက်အနေဖြင့်ပါ လှိုက်လှဲစွာ ကြိုဆိုထောက်ခံနေမိကြောင်းပါဗျာ။

**- မှုခင်းစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြပါစေ၊**
**- အမှန်တရားကို စစ်ဆေးစီရင်နေကြောင်း အများပြည်သူတို့ မြင်တွေ့နိုင်ပါစေ၊**
**- ပြည်သူတွေအားကိုးထိုက်သော တရားစီရင်ရေး ထာဝစဉ် ဖြစ်ထွန်းနေပါစေ။**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(င) မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(စ) အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုထားသည့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့် အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် သို့မဟုတ် အခြားဆက်သွယ်မှုနည်းစနစ်တစ်ခုခုဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

၃၈။ ဖျော်ဖြေသူ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ဖျော်ဖြေသူသည် မိမိ၏စီးပွားရေးဆိုင်ရာအခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူ မိမိ၏ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုနှင့် အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်းတစ်ခုခုတွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် ဖျော်ဖြေတင်ဆက်မှုနှင့် စပ်လျဉ်း၍ အသုံးပြုသည့်နည်းလမ်းအရ စည်းကမ်းချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင် ဖျော်ဖြေသူသည် မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် မိမိ၏ဖျော်ဖြေတင်ဆက်မှုကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကို ကန့်ကွက်ပိုင်ခွင့်ရှိသည်။

(ခ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ စီးပွားရေးဆိုင်ရာအခွင့်အရေးအား အကာအကွယ်ပေးရမည့်ကာလသည် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်းတစ်ခုခုတွင် အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့အထိသော်လည်းကောင်း၊ ထိုသို့ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းမပြုသည့်ကိစ္စတွင် ဖျော်ဖြေသည့် နှစ်ကုန်ဆုံးသည့်အချိန်မှစ၍ နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့အထိသော်လည်းကောင်း ဖြစ်ရမည်။ ဖျော်ဖြေသူများ၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအား အကာအကွယ်ပေးရမည့်ကာလသည် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိကာလအထိဖြစ်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဖျော်ဖြေသူများအား ၎င်းတို့၏ ဖျော်ဖြေတင်ဆက်မှုနှင့်စပ်လျဉ်း၍ ပိုမိုဦးစားပေးသည့် စည်းကမ်းချက်များသတ်မှတ်ပြီး ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းအပေါ် သက်ရောက်မှုမရှိစေရ။

၃၉။ ဖိုနိုဂရမ်ထုတ်လုပ်သူ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ထုတ်လုပ်သူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများ ရရှိရမည်-

(၁) ဖိုနိုဂရမ်ကိုမည်သည့်နည်းလမ်း သို့မဟုတ် ပုံစံနှင့်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(၂) ဖိုနိုဂရမ်မိတ္တူများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) ထုတ်လုပ်သူသည် မိမိ၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးဖြစ်သော ဖိုနိုဂရမ်မူရင်း သို့မဟုတ် မိတ္တူမှတစ်ပါး ဖိုနိုဂရမ်၏ မူရင်း သို့မဟုတ် မိတ္တူများကို အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၄) ဖိုနိုဂရမ်မိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(၅) ဖိုနိုဂရမ်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့်အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန်ပြုလုပ်ခြင်း။

(ခ) ဖိုနိုဂရမ်ကိုထုတ်ဝေသည့် အချိန်မှစတင်၍ ထိုသို့ထုတ်ဝေသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိသော်လည်းကောင်း၊ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်းမပြုရသေးလျှင် ဖိုနိုဂရမ်ကို ပထမအကြိမ် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိသော်လည်းကောင်း ဤဥပဒေအရ ဖိုနိုဂရမ်ထုတ်လုပ်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

၄၀။ ထုတ်လွှင့်သည့်အဖွဲ့အစည်း၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(၁) ထုတ်လွှင့်ချက်ကိုထပ်မံထုတ်လွှင့်ခြင်း၊

(၂) ထုတ်လွှင့်ချက်ကိုအများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်း၊

(၃) ထုတ်လွှင့်ချက်ကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း၊

(၄) ထုတ်လွှင့်ချက်ကို အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်းအား မူပွားခြင်း။

(ခ) အများပြည်သူမှ တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရန် မရည်ရွယ်သည့် ဂြိုဟ်တုမှ ထုတ်လွှင့်ချက်ကို တရားဝင်လက်ခံရယူနိုင်သည့် အဖွဲ့အစည်းမှ ဖမ်းယူပြီး ကေဘယ်လ်ကြိုးဖြင့်ဖြစ်စေ၊ ဆက်သွယ်ပို့လွှင့်ခြင်းဖြင့်ဖြစ်စေ ဆက်သွယ်ပို့လွှင့်နိုင်သည်။ ထိုသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို အဆိုပါအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှစ၍ ထိုနှစ်နှင့်တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၂၀ ကုန်ဆုံးသည့်နေ့ရက်အထိ အကာအကွယ်ပေးရမည်။

၄၁။ ပုဒ်မ ၃၇၊ ၃၈၊ ၃၉၊ ၄၀ နှင့်၄၂ တို့ပါ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါပြုလုပ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) လတ်တလောသတင်းအချက်အလက်များကို သတင်းအဖြစ်ပေးပို့ရန် သင့်လျော်မှုတသည့် ကောက်နုတ်ချက်တစ်စိတ်တစ်ဒေသကို အသုံးပြုခြင်း၊

(ခ) သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်သာ မူပွားခြင်း၊

(ဂ) ပညာသင်ကြားရေးနှင့် သင်ကြားမှုအထောက်အကူပစ္စည်းအဖြစ် ထုတ်ဝေပြီးဖြစ်သော ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့အတွက်မှတစ်ပါး မျက်နှာချင်းဆိုင်ပညာသင်ကြားရေးအတွက်သာ ရည်ရွယ်လျက် မူပွားခြင်း၊

(ဃ) ဤဥပဒေအခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များအရ အသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများတွင် ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်များကို ထည့်သွင်းအသုံးပြုခြင်း။

ခြွင်းချက်။ အဆိုပါပြုလုပ်မှုများသည် သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေရမည့်အပြင် အခွင့်အရေးရရှိသူ တစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်းမရှိစေရ။

၄၂။ (က) စီးပွားရေးအလို့ငှာ ရည်ရွယ်၍ ဖြန့်ချိထားသော သို့မဟုတ် ထုတ်လုပ်ထားသော ဖိုနိုဂရမ်တစ်ခုကို အသံလွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူကို ဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုပြီးပါက ဖျော်ဖြေသူ သို့မဟုတ် ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့အား မျှတသည့်အခကြေးငွေကို နှစ်ဖက်သဘောတူညီချက်အတိုင်း အသုံးပြုသူက ပေးဆောင်ရမည်။

(ခ) ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့အချင်းချင်း အခြားနည်းဖြင့် သဘောတူညီမှုမရှိလျှင် ပုဒ်မခွဲ (က) အရ အသုံးပြုမှုအတွက် ရရှိသည့်အခကြေးငွေအား ထုတ်လုပ်သူမှ သက်ဆိုင်သူများအား သတ်မှတ်ချက်များနှင့်အညီ ခွဲဝေပေးရမည်။

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ်အသုံးပြုမှုအတွက် ရရှိမည့်အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ်စတင်ထုတ်ဝေသည့်အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါ ဖိုနိုဂရမ်ကိုမူ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ ဆက်လက်ကာကွယ်မှုပေးမည်။

(ဃ) ဤပုဒ်မအရ ဝါယာဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူ ရရှိခံစားနိုင်စေရန် ပြုလုပ်ထားသော ဖိုနိုဂရမ်များကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့် အချိန်တို့၌ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအား စီးပွားရေးအလို့ငှာ ထုတ်ဝေခြင်းဟု မှတ်ယူရမည်။

## အခန်း(၁၅)
## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များနှင့် နည်းပညာဖြင့်ကာကွယ်ထားသော အစီအမံများကို အကာအကွယ်ပေးခြင်း

၄၃။ (က) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ -

(၁) အီလက်ထရောနစ်သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ၊

(၂) ဤဥပဒေအရ အကာအကွယ်ပေးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများ သို့မဟုတ် အခြားကိစ္စရပ်များအပေါ် ပုဒ်မခွဲငယ် (၁) အရ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း၊ ဖြန့်ချိရန်တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များသည် ပြည်သူလူထုနှင့်သက်ဆိုင်သောမူဝါဒ သို့မဟုတ် လုံခြုံမှုအတွက် ဥပဒေအရ ခွင့်ပြုထားသော နိုင်ငံတော်အစိုးရ၏ မည်သည့်ဆောင်ရွက်မှုကိုမျှ သက်ဆိုင်ခြင်းမရှိစေရ။

၄၄။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများနှင့်စပ်လျဉ်း၍ -

(က) ထိရောက်သောနည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်း၊ ရှောင်ရှားခြင်း၊ ဖယ်ရှားခြင်း၊ သက်ရောက်မှုမရှိစေခြင်း၊ ပျက်စီးစေခြင်းမပြုရ၊

ရှင်းလင်းချက်။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်းဆိုရာတွင် ပုံစံဖျက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများအား မူရင်းပုံစံ ပြန်လည်ရရှိစေရန် ပြုလုပ်ခြင်းတို့ ပါဝင်သည်။

(ခ) ထိရောက်သော နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲရန်၊ ရှောင်လွှဲမှုကို ဖြစ်မြောက်စေရန် သို့မဟုတ် ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ စီးပွားရေးအလို့ငှာ ပြုလုပ်ထားသည့် ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များ၊ ပစ္စည်းအစိတ်အပိုင်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ကြော်ငြာခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ။

၄၅။ (က) ပုဒ်မ ၄၄ တွင် မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၊ (ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၃ တို့ပါ အချက်များနှင့် ကိုက်ညီသော ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်ကို ခံစားခွင့်ရှိသူများသည် နည်းပညာဖြင့်ကာကွယ်ထားသော အစီအမံများဖြင့် ပြုလုပ်ထားသည့်လက်ရာကို အသုံးပြုနိုင်ရန်အတွက် အဆိုပါအစီအမံများမှ ရှောင်လွှဲနိုင်သည့် အခွင့်အရေးကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်အရ အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့်နေရာနှင့်အချိန်၌ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများ သို့မဟုတ် အခြားစာပေနှင့် အနုပညာဆိုင်ရာကိစ္စရပ်များအပေါ် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၆)
## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးများကို မှတ်ပုံတင်ခြင်း

၄၆။ ဤဥပဒေအရ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရှိစေရန်အလို့ငှာ စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၇။ မှတ်ပုံတင်အရာရှိသည် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**



## နော်ဝေသတင်းမီဒီယာအဖွဲ့ ကယားပြည်နယ်၌ ကျား/မ အခြေပြုနှင့်ဆိုင်သော မှတ်တမ်းဗီဒီယိုများ ဆက်လက်ရိုက်ကူး

**လွိုင်ကော် မေ ၃၀**

Care International in Norway အဖွဲ့မှ တာဝန်ရှိသူများသည် နော်ဝေနိုင်ငံအစိုးရပိုင်မီဒီယာဖြစ်သည့် NRK သတင်းဌာနနှင့်အတူ Care International Myanmar အဖွဲ့မှ ပံ့ပိုးကူညီ ဆောင်ရွက်နေသော ကျား/မ အခြေပြုလုပ်ငန်းနှင့်ပတ်သက်သော မှတ်တမ်းဗီဒီယိုများကို ယနေ့ နံနက် ၉ နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့နယ် နမ့်ကွတ်ကျေးရွာတွင် ဆက်လက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ NRK သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့သည် နမ့်ကွတ်ကျေးရွာအတွင်း Care International Myanmar အဖွဲ့မှ ထောက်ပံ့ကူညီမှုဖြင့် အဝတ်လျှော်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ဒေါ်အေးနှင်းဖြူအား လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တွေ့ဆုံမေးမြန်းခြင်းမှတ်တမ်းဗီဒီယို ရိုက်ကူးခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ဒေါ်မီးမီးအား အင်တာဗျူးမှတ်တမ်းဗီဒီယို ဆက်လက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

နော်ဝေနိုင်ငံအစိုးရပိုင် မီဒီယာဖြစ်သည့် NRK သတင်းဌာနမှ ရိုက်ကူးရေးအဖွဲ့သည် Care International Myanmar အဖွဲ့မှ ထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်နေသော ကျား/မ အခြေပြုနှင့်ဆိုင်သော အမျိုးသမီးများကို တွေ့ဆုံပြီး မှတ်တမ်းဗီဒီယို ရိုက်ကူးရေးလုပ်ငန်းများကို လွိုင်ကော်မြို့နယ် ကန်နီကျေးရွာနှင့် နမ့်ကွတ်ကျေးရွာတို့တွင် နှစ်ရက်တာ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

## ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအတွက် အလှူငွေပေးအပ်

**ရန်ကုန် မေ ၃၀**

ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၂၉ ရက် ညနေ ၄ နာရီက ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ မွေးလူနာကလေးမိခင်များကို အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမဆောင်တွင် အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်း၊ မြန်မာ-တရုတ်-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာ-အိန္ဒိယ ဓနသဟာရအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်-ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ မြန်မာနိုင်ငံဆိုင်ရာ ခရစ်ယာန်များအသင်းချုပ်၊ မြန်မာ-မွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း၊ စိန့်ဟုတ်တရုတ်ဘုရားကျောင်း၊ စော်ဘွားလေးဘိုဘိုမောင်နှင့် မြတ်မင်းကုမ္ပဏီလီမိတက်တို့မှ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံအတွက် စုစုပေါင်းအလှူငွေ ၁၃၇ သိန်းအားပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့က အမှတ်တရစကားများ ပြောကြားခဲ့သည်။ ယင်းနောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းရိုးတစ်လျှောက် စွန့်ပစ်အမှိုက်များ သန့်ရှင်းရေးဆောင်ရွက်

**ရိခေါဒါရ် မေ ၃၀**

ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းရိုးတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်များ၊ အညစ်အကြေးများကို မေ ၃၀ ရက် နံနက် ၈ နာရီတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချောင်းရိုးတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်များ၊ အမြင်မသင့်တော်သည့် အညစ်အကြေးများ၊ မြက်ခင်းချုံနွယ်များကို လူအင်အား၊ စက်အားများဖြင့် ဝိုင်းဝန်းစုပေါင်း ရှင်းလင်းဆောင်ရွက်ခြင်းဖြစ်ပြီး အမှိုက်များကို အမှိုက်စွန့်ပစ်မည့် သတ်မှတ်နေရာသို့ စနစ်တကျစွန့်ပစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့ဟာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်မြို့တစ်ခုဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ မျက်နှာစာတစ်ခုလည်းဖြစ်တယ်၊ နယ်စပ်ဒေသဆိုတော့ ကုန်စည်စီးဆင်းမှု၊ လူဝင်လူထွက်များပြားပြီး ပြည်တွင်းပြည်ပခရီးသွားများ ရောက်ရှိမှုများပြားတဲ့နေရာတစ်ခုလည်းဖြစ်တယ်။ အခုလို စည်းကမ်းမလိုက်နာဘဲ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တဲ့ ပြည်သူတချို့ကြောင့် ကျွန်တော်တို့မြို့ရဲ့ သန့်ရှင်းသာယာလှပမှု၊ မြို့အင်္ဂါရပ်သေသပ်မှုတွေ ပျက်စီးထိခိုက်လာနိုင်တယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က ပြောသည်။

"ကျွန်တော်တို့မြို့ပေါ်ရပ်ကွက်နှစ်ခုအတွက် အမှိုက်သရိုက်များ စွန့်ပစ်မယ့်နေရာ စနစ်တကျ သတ်မှတ်ထားပြီးဖြစ်တယ်။ အမှိုက်ကောက်သိမ်းခြင်းကိုလည်း တစ်ပတ်မှာနှစ်ကြိမ် စည်ပင်ဌာနပိုင် အမှိုက်သိမ်းယာဉ်နဲ့ သိမ်းယူစွန့်ပစ်ထားပါတယ်။ အခုလို စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူတချို့ကြောင့် ရပ်ကွက်အတွင်း သန့်ရှင်းသာယာလှပမှုကို ပျက်စီးစေပါတယ်။ ယနေ့ကစပြီး နယ်စပ်ချောင်းရိုးတစ်လျှောက်မှာ အမှိုက်စွန့်ပစ်ခြင်းမပြုနိုင်အောင် အိမ်ကြားလမ်းကိုလည်း သံဆန်ခါနဲ့ ပိတ်ပင်ကာရံထားပါတယ်။ စည်းကမ်းဖောက်ဖျက်ပြီး အမှိုက်စွန့်ပစ်သူတွေကို စည်ပင်သာယာရေးဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးကပ်ဆွင်းခွာလ်က ပြောသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်မှုတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းရိုးတစ်လျှောက်ရှိ အမှိုက်များ၊ အညစ်အကြေးများ၊ ချုံနွယ်ပင်များ သန့်ရှင်းရေးဆောင်ရွက်သည့်အပြင် နယ်စပ်ချောင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ရန်သွားသည့် အိမ်ကြားလမ်းပေါက်များကိုလည်း မြို့စည်ပင်သာယာရေးအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ သံဆန်ခါများဖြင့် ပိတ်ပင်ကာရံထားကြောင်း သိရသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

## သမိုင်းဝင်အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရားသို့ ထူးချွန်ကြက်ခြေနီများ လေ့လာရေးလာရောက်

**မိုးညှင်း မေ ၃၀**

၂၀၁၉ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ထူးချွန်ကြက်ခြေနီများ မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ရှိ သမိုင်းဝင်ရွှေမဥ္ဇူရေလယ်ဘုရားသို့ လေ့လာရေးခရီးအဖြစ် မေ ၂၉ ရက် နံနက်ပိုင်းတွင် လာရောက်ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ခေါင်းဆောင်များဖြစ်သော ထူးချွန်ကြက်ခြေနီ ၁၁၁ ဦးနှင့် တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများမှ ၂၅ ဦး၊ အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ၁၈၀ ကျော် လိုက်ပါလာသောလေ့လာရေးအဖွဲ့များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံကြက်ခြေနီတပ်ဖွဲ့ဝင်များက လုံးတုံစက်လှေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ရွှေမဥ္ဇူရေလယ်စေတီတော်အား လှည့်လည်လေ့လာဖူးမြော်ခဲ့ကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အင်းတော်ကြီးအင်းဖြစ်ပေါ်လာပုံနှင့် ဘုရားသမိုင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် လုံးတုံကျေးရွာအတွင်းဖွင့်လှစ်ပြသထားသည့် အင်းတော်ကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်းအား လေ့လာခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့သည်။

**ကျော်ကျော် (မိုးညှင်း)**



# အာဆင်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချယ်လ်ဆီးအသင်း ယူရိုပါလိဂ်ဖလားဆွတ်ခူး

ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အဇာဘိုင်ဂျန်နိုင်ငံ မြို့တော် ဘာကူးတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူရိုပါလိဂ် ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ပထမပိုင်းပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက်ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၄၉ မိနစ်တွင် တိုက်စစ်မှူး ဂျရူးက ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး မိနစ် ၆၀ တွင် ပက်ဒရိုက တစ်ဂိုး၊ ၆၅ မိနစ်နှင့် ၇၂ မိနစ်တို့တွင် တိုက်စစ်မှူးဟာဇက်ကနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၉ မိနစ်တွင် အိုင်ဝိုဘီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ချယ်လ်ဆီးအသင်း ယူရိုပါလိဂ်ဖလားရရှိခဲ့ခြင်းမှာ ငါးကြိမ်မြောက် ဥရောပအောင်မြင်မှုဖြစ်ပြီး နည်းပြဆာရီအတွက်ကတော့ ချယ်လ်ဆီးအသင်းနည်းပြဘဝတွင် ပထမဆုံးသောဆုဖလားဖြစ်လာခဲ့သည်။ အာဆင်နယ်အသင်းမှာမူ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ကာ ယူရိုပါလိဂ်ချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရခြင်းကြောင့် လာမည့် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ရတော့မည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနှစ်ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက်တစ်ပွဲမှရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ ယူရိုပါလိဂ်ဖလားရယူနိုင်ခဲ့သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ စုစုပေါင်း ၁၅ ပွဲကစားခဲ့ရပြီး ၁၂ ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အက်သလက်တီကိုမက်ဒရစ်အသင်းနောက်ပိုင်း ပထမဆုံးအသင်းဖြစ်ပြီး ၂၀၁၁-၂၀၁၃ ဘောလုံးရာသီက အက်သလက်တီကိုမက်ဒရစ်အသင်းက ၁၃ ပွဲအထိနိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။





# အင်တာမီလန်အသင်းက စပယ်လက်တီအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်

အင်တာမီလန်အသင်းသည် နည်းပြ စပယ်လက်တီအား ၂၀၂၁ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သော်လည်း နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

စပယ်လက်တီသည် ၎င်း၏ အင်တာမီလန်အသင်းနည်းပြဘဝ ဘောလုံးရာသီနှစ်ရာသီအတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်တက်လှမ်းခွင့်ရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပြီး အင်တာမီလန်အသင်းအတွက် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ချန်ပီယံလိဂ်တက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အီတလီစီးရီးအေ၌ အဆင့် ၄ စာရင်းဝင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

စပယ်လက်တီသည် အမ်ပိုလီအသင်း၊ ဆမ်ဒိုးရီးယားအသင်း၊ အူဒီးနီးစ်အသင်း၊ ရိုးမားအသင်း၊ ဇင်းနစ်အသင်းတို့တွင်လည်း အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် အင်တာမီလန်အသင်းအနေက စပယ်လက်တီ၏ နေရာတွင် နည်းပြကွန်တီဖြင့် အစားထိုးရန်ရည်ရွယ်ထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# ရုပ်ရှင်သစ်အထူးပွဲကို တက်ရောက်လာတဲ့ ရီးစ်ဝစ်သားစပွန်း




ကျော်ကြားတဲ့ ဟောလိဝုဒ်ကြယ်ပွင့် မင်းသမီး ရီးစ်ဝစ်သားစပွန်းဟာ သူ့ရဲ့ပထမဆုံးရုပ်ရှင်မှာ အောင်မြင်မှုတွေ ရရှိခဲ့ပြီးနောက် လတ်တလောမှာတော့ ဒုတိယမြောက်ဖြစ်တဲ့ " Big Little Lies 2" အတွက် အထူးပွဲကို တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ အဆိုပါအခမ်းအနားကိုတော့ မင်းသမီးက သူ့ရဲ့သမီးဖြစ်သူနဲ့အတူ တက်ရောက်ခဲ့တာ ဖြစ်တယ်လို့ မေးလ်အွန်လိုင်း ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၉ ရက်မှာ အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရီးစ်ဝစ်သားစပွန်းဟာ HBO က ထုတ်လွှင့်ပြသလျက်ရှိတဲ့ " Big Little Lies" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ဒုတိယမြောက် ရာသီအတွက် အထူးပွဲပြသတာကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ နယူးယော့ခ်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါအခမ်းအနားကိုတော့ မင်းသမီးက အသက် ၁၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သမီးဖြစ်သူနဲ့အတူ တက်ရောက်ခဲ့တာဖြစ်ပြီး အခြားသောဇာတ်ဆောင်တွေလည်း စုံလင်စွာတက်ရောက်ခဲ့တာကို တွေ့ရပါတယ်။



# လာမယ့် ဇူလိုင်လအစမှာ စစ်မှုထမ်းဆောင်တော့မယ့် EXO ရဲ့ ဒီအို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒီအိုဟာ ယခုနှစ်အတွင်း စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း ယခင်က ထုတ်ဖော်ပြောကြားခဲ့ပြီး လတ်တလောမှာ တော့ စစ်မှုထမ်းဆောင်မယ့်နေ့ကို အတည်ပြုပြောကြားလာတာဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ လာမယ့်ဇူလိုင် ၁ ရက်မှာ စစ်မှုထမ်းရက်တွေကို စတင်တော့မှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၃၀ ရက်မှာတော့ ဒီအို စစ်မှုထမ်းဆောင်သွားမှာဖြစ်ကြောင်း သူ့ရဲ့အေဂျင်စီက တရားဝင်ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီအိုဟာ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ၁၉၉၃ ခုနှစ်မှာ မွေးဖွားခဲ့သူ ဒီအိုဟာ စစ်မှုထမ်းဆောင်ဖို့ နောက်ဆုံးသောအချိန်ရောက်ရှိဖို့ရာ အတော်လေးလိုနေသေးတာကြောင့် ကြယ်ပွင့်အနေနဲ့ စစ်မှုမထမ်းဆောင်ချင်သေးပါက နေလို့ရသေးပါတယ်။ ဒါပေမယ့် ဒီအိုကတော့ စစ်မှုထမ်းဆောင်ဖို့ရာ ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ဝေရက်တောင်တက်စခန်းကို ရောက်ရှိခဲ့တဲ့ မန်ဒီမော

ဟောလိဝုဒ်ကြယ်ပွင့်မင်းသမီး မန်ဒီမောကတော့ လတ်တလောမှာ ဧဝရက်တောင်တက်စခန်းတစ်ခုကို ရောက်ရှိခဲ့တဲ့ သူ့ရဲ့ ပုံရိပ်တွေကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာကို တွေ့ရကြောင်း ဂလိုဘယ်နယူးစ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၉ ရက်မှာတော့ မန်ဒီမောက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဧဝရက်တောင်တက်စခန်းမှာ အခြားသောအဖော်တွေနဲ့ အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ သရုပ်ဆောင် တစ်ဦးအဖြစ်သာမက ဂီတပညာရှင်တစ်ဦးအဖြစ်လည်း အောင်မြင်နေ တဲ့ မန်ဒီမော ရောက်ရှိခဲ့တဲ့စခန်းဟာ နီပေါနိုင်ငံက ဧဝရက်တောင်ရဲ့တောင်ဘက်ခြမ်းမှာရှိတဲ့ စခန်းတစ်ခုဖြစ်ပြီး အမြင့်ပေ ၅၃၆၄ မီတာမှာ တည်ရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိမှာ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီးဟာ ဧဝရက်တောင်ကို တက်ခဲ့ခြင်းဟာ သူ့အတွက်တော့ စိန်ခေါ်မှုတွေနဲ့ ပြည့်နေသလို တကယ့်ကို စွန့်စားခန်းတစ်ခုလည်းဖြစ်ကြောင်း သူဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေရဲ့အောက်မှာ ရေးသားဖော်ပြခဲ့တဲ့ စာအရှည်ကြီးမှာ ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

# ရန်ကုန်မြို့ပြအမွေအနှစ်အထိမ်းအမှတ်ကမ္ပည်းပြား ပဲခူးကလပ်တွင် တပ်ဆင်

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့၏ အခု ၃၀ မြောက် အမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားကို ဒဂုံမြို့နယ် စကားဝါလမ်းရှိ ပဲခူးကလပ်တွင် ယနေ့ နံနက်ပိုင်းက တပ်ဆင်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ တည်ထောင်သူ/ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"မြို့ပြအမွေအနှစ် အဆောက်အဦတွေမှာ သမိုင်းကြောင်းတွေ ရှိပါတယ်။ ဒီသမိုင်းတွေကို နောင်မျိုးဆက်တွေကို ပေးချင်ပါတယ်။ အဆောက်အဦတွေတိုင်းမှာ ခေတ်အဆက်ဆက်ရဲ့သမိုင်းတွေ ရှိပါတယ်။ သမိုင်းတွေကို ဒီအဆောက်အဦတွေကို မြင်တွေ့ခြင်းအားဖြင့် ပြောနိုင်မှာဖြစ်ပါတယ်။ မြင်တွေ့ခွင့်မရတော့ဘူးဆိုရင် ဒီရဲ့သမိုင်းတွေဟာ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။



ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက ပဲခူးကလပ်သည် သမိုင်းကြောင်း အတက်၊ အကျ၊ အနိမ့်၊ အမြင့်ရှိခဲ့ပြီး တစ်ချိန်က ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံ၏လူမှုရေးနယ်ပယ်တွင် အမြင့်ဆုံးနေရာကရှိခဲ့ကြောင်း၊ ကိုလိုနီခေတ်လူမျိုးရေးခွဲခြားမှု၏ ဗဟိုအချက်အချာလည်း ဖြစ်ခဲ့ကြောင်း ပြောကြားသည်။ "အခု ပဲခူးကလပ်ကို တစ်ဖန်ပြန်လည်အသက်ဝင်စေတဲ့အခါမှာ ကိုလိုနီခေတ်က အသုံးပြုခဲ့ပုံနဲ့ ကလပ်ရဲ့သမိုင်းကြောင်းကို ပြောင်းပြန်လှန်ပြီး ကိုလိုနီစနစ်ရဲ့ဆိုးကျိုးတွေကို မြန်မာလူမျိုးတွေ သင်ခန်းစာယူစေဖို့ ဆောင်ရွက်သင့်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ပဲခူးကလပ်ကို မူလက ဗြိတိသျှစစ်တပ်တပ်စွဲခဲ့သည့် ကန်တိုမင်ဇရိယာအတွင်း ၁၈၇၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၈၈၂ ခုနှစ်တွင် ယခုတည်ရှိရာနေရာသို့ ရွှေ့ပြောင်းခဲ့ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် ကလပ်အဆောက်အဦကိုပြောင်းလဲမှုများပြုလုပ်ခဲ့ပြီး ဗြိတိန်အိမ်ရှေ့စံ ဝေလမင်းသား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ဧည့်ခံရန် Prince Of Wales ခန်းမဆောင်ကိုထပ်မံ ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ ပဲခူးကလပ်သည် နာမည်ကျော် ပဲခူးကလပ်ကောက်တေး အစပြုခဲ့ရာလည်း ဖြစ်ပြီး အဆိုပါကောက်တေးသည် ၁၉၃၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာတစ်ဝန်း လူကြိုက်များသည့် အဖျော်ယမကာ ဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့အပြင် ပဲခူးကလပ်တွင် အသင်းဝင်ခွင့်ရရန် အလွန်ခက်ခဲပြီး အာရှသားများသာမက အင်္ဂလိပ်-မြန်မာ ကပြားများကိုပါ အသင်းဝင်ခွင့်မပြုကြောင်း၊ အသင်းဝင်အများစုမှာ အစိုးရအရာရှိကြီးများ၊ ဗြိတိသျှစစ်တပ်အရာရှိကြီးများ၊ လူချမ်းသာများနှင့် လူရည်ဝင်ဆံ့သူများသာ ဖြစ်ပြီး ယင်းအချိန်က အစိုးရ၏ အုပ်ချုပ်ရေးမူဝါဒများကို ပဲခူးကလပ်အသင်းဝင်များက များစွာလွှမ်းမိုးမှုရှိသည့်အတွက် အစိုးရကို "ပဲခူးကလပ်အစိုးရ" ဟူ၍ နောက်ပြောင်ခေါ်ဆိုခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်၏ သီးသန့်ကလပ်အဖြစ် အသုံးပြုခဲ့ပြီး စစ်အပြီးတွင် မြန်မာလူမျိုးများ ပထမဆုံးအကြိမ်အဖြစ် အသင်းဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

၁၉၆၅ ခုနှစ်တွင် ကလပ်ကိုပိတ်ခဲ့ပြီး တပ်မတော်၏ အရာရှိအဆောင်အဖြစ် ခေတ္တအသုံးပြုခဲ့ပြီး တပ်မတော်ငွေစာရင်းရုံးအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်အစောပိုင်းမှစ၍ နောက်ပိုင်းတွင် အဆောက်အဦကို ဆက်လက်အသုံးမပြုတော့ဘဲ ပျက်စီးယိုယွင်းလာခဲ့ကြောင်း၊ ယခုလက်ရှိတွင် KT Group က နှစ်ရှည်ငှားရမ်းထားပြီး အခမ်းအနားများ၊ ပွဲလမ်းသဘင်များ လက်ခံကျင်းပနိုင်ရန် ပင်မဆောင်ခန်းမများ၊ ဥယျာဉ်များကို ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

# ကော့သောင်းမြို့တွင် နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဖူဆယ်ဘောလုံးကွင်းသစ်ဖွင့်

**ကော့သောင်း မေ ၃၀**

ဘောလုံးအားကစား တိုးတက်မြင့်မားလာရေး၊ စွမ်းရည်ထက်မြက်ထူးချွန်သည့် ဖူဆယ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ရွှေဘာရားသားကုမ္ပဏီလီမိတက်၊ SBK ဖူဆယ်ဘောလုံးကလပ်မှ တည်ဆောက်သည့် နိုင်ငံတကာအဆင့်မီမြက်ခင်းတု ဖူဆယ်ဘောလုံးကွင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကော့သောင်းမြို့ပိတောက်ရွှေဝါရပ်ကွက် SBK ဖူဆယ်ဘောလုံးကွင်း၌ပြုလုပ်ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်ဒါရိုက်တာ ဦးစိုးမိုးကျော်နှင့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်း၊ ကော့သောင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်နာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့်SBK ဖူဆယ်ကလပ်ပိုင်ရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်ဒါရိုက်တာ ဦးစိုးမိုးကျော်နှင့် SBK ဖူဆယ်ဘောလုံးကလပ်ပိုင်ရှင်တို့က အမှာစကားအသီးသီးပြောကြားကြပြီး ကော့သောင်းခရိုင် ဖူဆယ်ဘောလုံးအားကစားတိုးတက်လာရေး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများက ဘောလုံးနှင့်ဆက်စပ်အားကစားပစ္စည်းများ ကော့သောင်းဘောလုံးအဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဦးမျိုးလှိုင်ဝင်း ဦးဆောင်သည့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများ ဖူဆယ်ဘောလုံးအသင်းနှင့် SBKဖူဆယ်ကလပ်အပျော်တမ်းဖူဆယ်ဘောလုံးအသင်းတို့ ချစ်ကြည်ရေး သရုပ်ပြယှဉ်ပြိုင်ကစားကြသည်။



အဆိုပါ ဖူဆယ်ဘောလုံးကွင်းသည် ရွှေဘာရားသားကုမ္ပဏီလီမိတက် SBK ၏ ပုဂ္ဂလိကပိုင်ဖြစ်ပြီး မြက်ခင်းအတုဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်ရာ အဆင့်မြင့်ကွင်းများတွင် လေ့ကျင့်ကစားခြင်းဖြင့် ဘောလုံးမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေးကို အဓိကဦးတည်ရည်ရွယ်ကာ ကွင်းအသုံးပြုခ အဖိုးနှုန်းသက်သာစွာဖြင့် ခရိုင်နှင့် မြို့နယ်အဆင့်ပြိုင်ပွဲများ၊ ရပ်ကွက်ပြိုင်ပွဲများကို လက်ခံကျင်းပပေးသွားမည်ဖြစ်ကြောင်း SBK ဖူဆယ်ကလပ်ဘောလုံးကွင်းတာဝန်ခံထံမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန (Field Trip)အဖွဲ့မှ ရိဒ်ရေကန် ကန်ရေနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ စူးစမ်းလေ့လာမှုပြုလုပ်

**ရိခေါဒါရ် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဌာန ကျောင်းသား ကျောင်းသူများ (Field Trip) အဖွဲ့သည် ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ ရိဒ်ရေကန် ကန်ရေနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေကို မေ ၃၀ ရက်က စူးစမ်းလေ့လာ သုတေသနပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရိဒ်ရေကန် စူးစမ်းလေ့လာရေးအဖွဲ့သည် ကလေးနည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနမှ ကထိက ဒေါ်အေးဖီယားဗျက်ထဒိမ်း ဦးဆောင်မှုဖြင့် နည်းပြဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့က ရိဒ်ရေကန်ရှိ ကန်ရေနှင့် ရေကန်ဘေးပတ်ဝန်းကျင်အခြေအနေများကို စူးစမ်းလေ့လာ သုတေသနပြုလုပ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ စူးစမ်းလေ့လာသုတေသနပြုလုပ်ရာတွင် ရိဒ်ရေကန် ကန်ရေ၏ Turbidity/ Transparency၊ EC၊ Temperature၊ PH၊ Nitrite၊ Phosphate၊ Chlorine၊ Alkalinity၊ Iron နှင့် Mini SASS (Biological) အခြေအနေများကို စူးစမ်းလေ့လာသုတေသန ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဤသို့ Field Trip စူးစမ်းလေ့လာမှုများကို ဌာနသို့ ဓာတ်ခွဲလေ့လာပြုစု၍ သုတေသနတွေ့ရှိချက်အဖြေများကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ Field Trip အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့လေယာဉ်ကွင်း၊ ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့ ရေပေးဝေရေး၊ လိုင်ဗားဆည်၊ ဖလမ်းမြို့လေယာဉ်ကွင်းနှင့် ရိဒ်ရေကန် ကန်ရေ အရည်အသွေးများကို စူးစမ်းလေ့လာ သုတေသနပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရိခေါဒါရ် (ပြန်/ဆက်)**



# ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ဖွင့်လှစ်

**မောင်တော မေ ၃၀**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၅၃/၂၀၁၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၉/၂၀၁၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးစိုးအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးပွားလာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရေး လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းမှ ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းတွင် အခြေခံသင်တန်းသူ ၅၀ နှင့် အဆင့်မြင့်သင်တန်းသူ ၂၀ စုစုပေါင်း သင်တန်းသူ ၇၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ရာ သင်တန်းသူများမှာ ကျေးလက်နေ ဒေသခံတိုင်းရင်းသူများဖြစ်ကြောင်း သိရ သည်။

**သက်လွင်စိုး (ပြန်/ဆက်)**




ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
လှည်းကူးပညာရေးကောလိပ်အနီး၊
ဥယျာဉ်ခြံမြေကွက် အရစ်ကျစနစ်ဖြင့်
ရောင်းချပါသည်။ (၄၀×၆၀)ပေ
ဈေးနှုန်း(၅၀)သိန်း (ညှိနိုင်း)
09422464596,09784638795

ရန်ကုန်လိုင်စင်ကားရောင်းမည်
2008 Belta 1.3cc
ငွေရောင် Fအကွရာ
ကားရှယ် ၁၆၈သိန်း
09450030589,09697096556

အိမ်ခြံမြေ သင်တန်း
ကြည်စိုး I.C
09-510 4041

မဟာရန်ကုန်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

ဒဂုံမြို့သစ်
(ဆိပ်ကမ်း)(တောင်ပိုင်း)
(အရှေ့ပိုင်း) မြေကွက်များ
ဝယ်လိုသည်။
Ph: 0943075129

"အသံဆို-မုန်ချီရုပ်ရှင်ဂီတအနုပညာရှင်များလက်ခွဲ"
နိုင်ငံကျော်
မုန်ချီ
သာလိပ်ချော်အသံကောင်း
ချောင်းဆိုးပျောက်ဆေး
အသံပြန်ဝင်၊ အသံဝင်
အမြန်ဆုံးပျောက်ကိုး
မုန်ချီသီလဝစ်ဆေး
TMR-01227/2(2018)
TMR-01228/2(2018)
Ph.D(Alternative Medicine) (India)
ဖြန့်ချီရေး-မုန်ချီဆေးတိုက်၊ရွှေဘုံသာ အလယ်လမ်းထိပ်၊ ☎ ၀၁-၃၈၄၆၅၁၊၃၇၅၁၀၇၊၃၈၇၄၄

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
မှော်ဘီတိုးကိတ်နီး၊ဦးဘိုးကျင်လမ်း
ခြံမြေ၊ ဓီးရှိ
40'x60'=၁၄၀သိန်း၊ 25'x60'=၇၀သိန်း
ph:09-799716395,09-450302310

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-5106146
09-775106146

မြေကွက်များဈေးကောင်း
ပေးဝယ်လိုသည်။
ဒဂုံမြို့သစ် အရှေ့ပိုင်း၊မြောက်ပိုင်း၊
တောင်ပိုင်း၊ဆိပ်ကမ်းရှေ့ပေါက်ရှိ
အိမ်ရောက်ငွေပေးချေရန်
ပွဲခပေးရန် မလိုပါ။
09-254118190
09-898580954

ကိုထွန်း
(Lucky Brothers)
အိမ်ခြံမြေအကျိုးဆောင်
ရွှေပေါက်ကံမြို့သစ်၊
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းမြို့နယ်များရှိမြေကွက်၊
အိမ်ခြံမြေများကို
ဈေးမှန်ပေးဝယ်ပါသည်။
09-450909001
yehtoot27@gmail.com

☆STAR☆
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

တောတောင်ပျက်ပြုန်း
မြေဆီသုဉ်း၏



## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သန်းမြ (ဟုမ္မလင်းမြို့)

### အသက်(၉၇)နှစ်

မင်းကင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်-ဒေါက်တာခင်မြဝင်း(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)၏ မိခင်ကြီး ဒေါ်သန်းမြသည် ၂၇-၅-၂၀၁၉ ရက်တွင် ဟုမ္မလင်းမြို့ ဗေဒါလမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## ဝမ်းနည်းကြေကွဲခြင်း

### ဒို့မိတ်ဆွေ ဦးသန်းမောင် (ကြိုးကြိမ်)

### အသက် (၉၆) နှစ်

သူငယ်ချင်း ကိုသန်းနိုင်-မစန်းစန်းလွင်တို့၏ချစ်လှစွာသောဖခင်ကြီး ဦးသန်းမောင် အသက် (၉၆)နှစ်သည် ၂၇-၅-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**RIT (Civil),1987 & 1991 Batch**
**အင်ဂျင်နီယာသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ဝင်း

### အသက် (၈၂) နှစ်

ဆရာမကြီး ဒေါ်သီသီထွင်၏ခင်ပွန်း ဦးခင်မောင်ဝင်း ကွယ်လွန်ခြင်းအတွက် ဆရာမကြီးနှင့် သူငယ်ချင်းပေါက်တို့မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာမြင့်**
**ဒေါက်တာမြင့်မြင့်စန်း(ပါမောက္ခ-ဌာနမှူး)၊ ဒေါက်တာလွင်မာဦး(ပါမောက္ခ)နှင့်**
**မြန်မာစာမိသားစု၊ ပုသိမ်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) (၇၇) နှစ်

**စစ်တက္ကသိုလ်၊ အပတ်စဉ်(၉)**
**အမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း**

ဒေါ်တင်အေး၏ခင်ပွန်း ခလရ(၃၉)တွင် တာဝန်အတူတူထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)သည် ၂၄-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးသိမ်းထူး(ငြိမ်း)**
**ဒု-ဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ဝင်း (ခ) ကိုပြူး

### အသက် (၈၂) နှစ်

သူငယ်ချင်း ဒေါက်တာပွင့်သွယ်ဝင်း (ဒု-ညွှန်မှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)၏ချစ်လှစွာသောဖခင်ကြီးသည် ၂၃-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1982-86 ⁺⁺ ဘူမိဗေဒ ကျောင်းသား/ကျောင်းသူများ**
**(ရန်ကုန်တက္ကသိုလ်)**

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကျော်ထွန်းလင်း (ငြိမ်း)

**D.S.A အပတ်စဉ်(၁၃)(ကြည်း-၁၂၀၀၇)**
**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ စိုက်/မွေး**
**ဥက္ကဋ္ဌ၊ စိုက်/မွေး လူမှုရေးအဖွဲ့**

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းလှ၏ခင်ပွန်း ဗိုလ်မှူးကျော်ထွန်းလင်း(ငြိမ်း)သည် ၂၈-၅-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ လူမှုရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူး ကျော်ထွန်းလင်း(ငြိမ်း)

**D.S.A (၁၂)**

**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း**

**အသက်(၇၁)နှစ်**

သူငယ်ချင်း ၂၈-၅-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၂)**
**ကျောင်းဆင်း သူငယ်ချင်း မိသားစုများ**

## အမည်ပြောင်း

ပဲခူးမြို့ ရွှေဟသာ်ာပညာရေးကျောင်း KG တန်းမှ (ဘ) ဦးအောင်နိုင်ဝင်း၏ သမီး မသင်းပြည့်ဟန်အား မဖူးပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မဖူးပြည့်စုံ**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဒေါင်းမဒေါ့ကျေးရွာအုပ်စု၊ ပျဉ်းကတိုးကုန်းကျေးရွာနေ အဖ ဦးစိုးသိန်း၏ သမီး မအိဖြူစိုး [၁၄/ရကန(နိုင်)၁၆၂၁၇၄]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၂၀၀၁ခုနှစ်ဖြစ်ပါသည်။

## အမည်ပြောင်း

ထားဝယ်မြို့ ဘုမွှော်ရပ်၊ ဗိုလ်ချုပ်လမ်းသွယ်၊ အမှတ်(၆၉၄)နေ ဦးမျိုး-ဒေါ်တင်တင်ခိုင်တို့၏သားဖြစ်သူ အ.ထ.က(၆) မြောင်းပုလဲ၊ ထားဝယ် ဆဋ္ဌမတန်းမှ မောင်ဥက္ကာအောင် (ခ) မောင်ရှိန်းမြတ်အောင်အား မောင်ဟိန်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်အောင်**

## အမည်ပြောင်း

ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်၊ ရေးလမ်းနေ ဦးစိန်ဝင်း၏သားဖြစ်သူ အ.ထ.က(၇)ဝဲကျွန်း၊ ထားဝယ်၊ အဋ္ဌမတန်းမှ မောင်ဟိန်းထက်အောင်အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်ဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ရန်တောင်ရွာနေ ဦးလေးမောင်[၆/သရခ(နိုင်)၀၀၈၀၈၂]၊ ဒေါ်ခင်မာချို[၆/သရခ(နိုင်)၀၃၉၃၃၉]တို့၏သား မောင်ပြည့်စုံဦးနှင့် မောင်မြတ်ဆက်အောင်တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

**မောင်ပြည့်စုံဦး(ခ)မောင်မြတ်ဆက်အောင်**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ အ.ထ.က၊ ကံပေါက်၊ ဒသမတန်း(C)မှ မအေးသက်မိုး၏ဖခင် ဦးရုတ်အို၏ အမည်မှန်မှာ ဦးဝင်းနိုင်[၆/ရဖန(နိုင်)၀၃၅၄၅၂] ဖြစ်ပါသည်။ **ဦးဝင်းနိုင်**

## ဝမ်းနည်းကြောင်းသဝဏ်လွှာ

ရတနာမဥ္ဇူမဓမ္မရိပ်သာနှင့် ဇေယျနန္ဒာရာမ ဝေဠုဝန်တောရ လယ်တီဓမ္မရိပ်သာတို့၏ဦးစီးနာယကနှင့် လယ်တီဝိပဿနာနှင့် ဓမ္မကထိက တိုးတက်ပြန့်ပွားရေးအဖွဲ့၏ ဦးစီးနာယကဆရာတော် လယ်တီကမ္မဋ္ဌာနာစရိယ Dr.အရှင်ဇေယျာနန္ဒ(ပုဂံ)သည် လယ်တီနာယကများ(၆)လပတ်အစည်းအဝေး သာသနာပြုခရီးကြွရောက်စဉ် မြန်မာသက္ကရာဇ်(၁၃၈၁ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်) ခရစ်နှစ် ၂၀၁၉ခုနှစ်၊ မေလ ၂၀ ရက်(တနင်္လာနေ့) နံနက် ၈ နာရီခန့်တွင် ချင်းပြည်နယ်၊ တီးတိန်မြို့(၇)မိုင်အကွာတွင် စီးလာသောကား ချောက်အတွင်းပြုတ်ကျရာမှ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်နှင့်အတူ ကားတစ်စီးတည်းစီးလာသော ရဟန်းဒါယကာ၊ ကျောင်းဒါယကာ၊ ဒါယိကာမများဖြစ်ကြကုန်သော ပြင်ဦးလွင်မြို့ အကယ်ဒမီကိုယ်ပိုင်အထက်တန်းကျောင်းပိုင်ရှင် ဦးစံလှနှင့် ဒေါ်ခင်စန်းငွေ၊ ခရီးစဉ်တိုင်းတွင် အမြဲကားမောင်းလိုက်ပို့သော ရဟန်းဒါယကာကြီး ဦးခင်မောင်မြင့်တို့သည်လည်း သေဆုံးခဲ့ကြပါသည်။ ဆရာတော်သည် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း၏ အားအထားရဆုံးတပည့်ပီသစွာ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် ဝိပဿနာတရားပြန့်ပွားရေးကို လုံ့လဝီရိယ အားစိုက်ခွန်စိုက် ဆောင်ရွက်နေစဉ်မှာပင် ထိုသို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သောကြောင့် လယ်တီဝိပဿနာနှင့် ဓမ္မကထိက တိုးတက်ပြန့်ပွားရေးအဖွဲ့ဝင် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နာယကဆရာတော်များ၊ တပည့်ဖြစ်ကြသူ ကမ္မဋ္ဌာနာစရိယများက အထူးဝမ်းနည်းကြေကွဲ ထိတ်လန့်သံဝေဂရရှိပါကြောင်း။

**လယ်တီဝိပဿနာနှင့်**
**ဓမ္မကထိကတိုးတက်ပြန့်ပွားရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယကာကြီး

### ဒုတိယဗိုလ်မှူးကြီး အေးလွင်(ငြိမ်း) (ကြည်း/၇၁၆၁)

### မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ(ငြိမ်း)

### အသက်(၉၁)နှစ်

### ရွှေကျင်မြို့

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ(ငြိမ်း) ဒုတိယဗိုလ်မှူးကြီး အေးလွင်(ငြိမ်း)(ကြည်း/၇၁၆၁) သည် ရန်ကုန်မြို့ မြေအမှတ်(၁၀/၁၂)၊ သီရိရတနာလမ်း၊ သီရိရတနာရိပ်သာ၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် နေအိမ်၌ ၂၉-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နုနုရီ

### အသက် (၈၀)

ဦးတက်ထွင့်အောင် (ညွှန်ကြားရေးမှူး၊ ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး)၏မိခင်ကြီးသည် ၂၇-၅-၂၀၁၉ရက် (တနင်္လာနေ့) ည ၉း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၂ ခုနှစ် (PSC) Batch**
**ပြည်တွင်းအခွန်များဦးစီးဌာနမှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ရင်ရင်မေ

## (ကလေးအထူးကုဆရာဝန်ကြီး)

## အသက်(၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးစိန်မောင်၏ဇနီး၊ ဒေါက်တာ ဦးအောင်မင်း (ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာဒေါ်ရင်ရင်မေ(ကလေးအထူးကုဆရာဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၆-၅-၂၀၁၉ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်းပြည်တံခွန်နှင့် Sky Palace Hotel Group**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဒေါ်ရင်ရင်မေ

## (ကလေးအထူးကုဆရာဝန်ကြီး)

## အသက်(၇၃)နှစ်

ပထမပုဂ္ဂလိကဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဦးစိန်မောင်၏ ဇနီး၊ ဒေါက်တာ ဦးအောင်မင်း (ဒါရိုက်တာအဖွဲ့ဝင်)၏မိခင် ဒေါက်တာ ဒေါ်ရင်ရင်မေ (ကလေးအထူးကုဆရာဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၆-၅-၂၀၁၉ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြတ်နိုးသူကုမ္ပဏီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာဒေါ်ရင်ရင်မေ (၇၃)နှစ်

### ကလေးအထူးကုဆရာဝန်ကြီး

ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)၏ဇနီး ဒေါက်တာ ဒေါ်ရင်ရင်မေ၊ ကလေး အထူးကုဆရာဝန်ကြီး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ ဗုဒ္ဓဘာသာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)သည် ၂၆-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# UPR အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃၀**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**(မေ ၃၀ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ် ဒေသများသို့ ဝင်ရောက်နိုင်သည်။

**မိုး/ဇလ**

## မြန်မာ ယူ-၂၂ ပိုဟန်စတီးလားစ်ကို အနိုင်ယူ

နေပြည်တော် မေ ၃၀

**တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်း၏ မြန်မာနိုင်ငံခရီးစဉ် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ မြန်မာယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားသည်။**

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖



ပိုဟန်စတီးလားစ်အသင်းတိုက်စစ်ကို မြန်မာဂိုးသမား စိုးအာကာ ကာကွယ်နေစဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်

**နေပြည်တော် မေ ၃၀**

မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၉ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ကို ဇွန် ၁၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားရမည်**

ဒုတိယအကျော့ ပွဲစဉ်(၁၂) ပွဲစဉ်များကို ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင် ဟံသာဝတီနှင့် ရတနာပုံ၊ Southern နှင့် ရောဝတီ၊ ဇွဲကပင်နှင့် စစ်ကိုင်း၊ ဇွန် ၁၆ ရက်တွင် ရှမ်းယူနိုက်တက်နှင့် Chinland၊ ရန်ကုန်နှင့် ရခိုင်၊ ဒဂုံနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့က ၂၁ မှတ်စီ၊ ရန်ကုန်နှင့် ရတနာပုံအသင်းတို့က ရမှတ် ၂၀ စီ၊ စစ်ကိုင်းအသင်းက ၁၉ မှတ်၊ ရောဝတီအသင်းက ၁၈ မှတ်၊ ရခိုင်အသင်းက ၁၆ မှတ်၊

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❍**